မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၀)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဒေါက်တာတိုနီတန်ကင်ယမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် သြဂုတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ယိုရှီဟီကို နိုဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် သြဂုတ် ၃၁

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၅) ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ လယ်ယာဆည်မြောင်းကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း (၄)ခုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၏ **နိုင်ငံတော် ဓာတ်မြေဩဇာစက်ရုံများမှ ထုတ်လုပ်ဖြန့်ဖြူးသော ဓာတ်မြေဩဇာများကို နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအား ဖြန့်ဝေပေးခြင်း ရှိ/မရှိနှင့် ဖြန့်ဝေပေးမှုရှိပါကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို မည်သို့မည်ပုံဖြန့်ဝေပေးသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ ▲

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

မိုးသည်းထန်ပြီး တောင်ကျရေများ စီးဆင်း၊ တာချီလိတ် - မိုင်းဆတ်လမ်းပိုင်း ရေတိုက်စား။ စာ ၁၀

အရည်အသွေးကောင်းသည့် မြန်မာ့သနပ်ခါး အချိန်မတိုင်မီ ခုတ်လှဲရောင်းချမှုများလာ။ စာ ၁၀

နိုင်ငံတကာ အာကာသယာဉ်စခန်းမှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်ရောက်လာရန် နှောင့်နှေး။ စာ ၅

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်)

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည်မှန်သော်လည်း နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကကျသော စွမ်းအားတစ်ရပ်သည် အမျိုးသားယဉ်ကျေးမှုစွမ်းအားဖြစ်သည်။

နှစ်ပေါင်းထောင်ချီ၍ ဘိုးဘေးများအလေးထား စောင့်ရှောက်လာခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ ထွန်းကားပြန့်ပွားရန် ဆောင်ရွက်ရေးသည် တိုင်းရင်းသားပြည်သူတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ရှည်လျားသည့်သမိုင်းကြောင်းတစ်လျှောက်ကို ဖြတ်သန်းသယ်ဆောင်လာသည့် မြန်မာ့အနုပညာရပ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များအားလုံးသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာ၌ လူမှုစီးပွားဘဝတိုးတက်မြင့်မားသည်သာမက အမျိုးသားယဉ်ကျေးမှုမြင့်တင်ရေးကိုလည်း ဟန်ချက်ညီညီဖြစ်ထွန်းရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရန် စောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာမှုဓလေ့စရိုက်များ၊ မြန်မာ့ရိုးရာတွေးခေါ်မြော်မြင်မှုသဘောတရားများ၊ မြန်မာ့ကျင့်ဝတ်နီတိအသိအလိမ္မာများ မြန်မာ့လူ့ဘောင်၌ အစဉ်နိုးကြားရှင်သန်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွင်း ပျံ့နှံ့တည်ရှိနိုင်စေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် ရိုးရာယဉ်ကျေးမှုအနုပညာများမပျောက်ပျက်ရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ဖွင့်လှစ်ထားရှိခြင်း စသော အတတ်ပညာသင်တက္ကသိုလ်နှင့် ကျောင်းများ တည်ထောင်ဖွင့်လှစ်ထားခြင်းသည် ရိုးရာယဉ်ကျေးမှုနှင့် အနုပညာများကို မပျောက်ပျက်ရန်၊ မြင့်မားတိုးတက်ရန် ထိန်းသိမ်းဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်ရေးအတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ခိုင်မြဲရေးသည်လည်း အဓိကကျလျက်ရှိရာ ရှေးကာလကပင် တည်ရှိခဲ့ပြီးဖြစ်သော မြန်မာတို့၏ဇာတိသွေး၊ ဇာတိမာန်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မိုးသည်းထန်မှုကြောင့် ကျောက်ဆည်မြို့ရပ်ကွက်အချို့ရေဝင် ခေတ္တပြောင်းရွှေ့နေထိုင်ရသူများအား ဆန်များ ထောက်ပံ့

နေပြည်တော် ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့ မြို့ပတ်လမ်းတံတားလယ်တံတားအနီး ကြက်မင်းတွန်ရပ်ကွက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကြက်မင်းတွန်ရပ်ကွက်အတွင်း ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့လာသူ ပြည်သူများအား နေရာချထားပေးသည့် ကြက်မင်းတွန်ကျောင်းတိုက်၊ မဟာရွှေစေတီကျောင်းတိုက်နှင့် ဧရာဝတီစာသင်တိုက်တို့သို့ သွားရောက်၍ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကာ ဆန်များထောက်ပံ့ပေးအပ်သည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့လာသူ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လုံခြုံရေးနှင့် နေထိုင်စားသောက်မှုအခြေအနေအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို လက်ခံပို့လွှတ်ပေးလျက်ရှိသည့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း၏ မန်စံ-ရွှေစာရံအပိုင်းရှိ တာဝါတိုင်အမှတ် (MS - ၁၅၈) အား ကျင်သီချောင်းရေတိုက်စားခြင်းကြောင့် တာဝါတိုင်အသစ်ဖြင့် အမြန်အစားထိုးလဲလှယ်၍ နေရာပြောင်းရွှေ့ စိုက်ထူခြင်းလုပ်ငန်းကို ၃-၉-၂၀၁၁ ရက် နံနက် ၆ နာရီမှ ၄-၉-၂၀၁၁ ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ အောက်ဖော်ပြပါ နေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည် -

စဉ်	ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ
၁။	၆၆ ကေဗွီ မန်စံ-လားရှိုးလိုင်းဖြင့် ဓာတ်အားပေးထားသော လားရှိုးနှင့် သိန္နီမြို့နယ်များ
၂။	၆၆ ကေဗွီ မန်စံ-သီပေါလိုင်းဖြင့် ဓာတ်အားပေးထားသော သီပေါ၊ ကျောက်မဲ၊ နမ့်လန်နှင့် နမ့်ဆန်မြို့များ
၃။	၆၆ ကေဗွီ ရွှေလီ-နမ့်ခမ်း-မူဆယ်လိုင်းဖြင့် ဓာတ်အားပေးထားသော ကြူကုတ်၊ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်များ
၄။	၁၁ ကေဗွီ မန်စံ-နမ္မတူလိုင်းဖြင့် ဓာတ်အားပေးထားသော နမ္မတူမြို့နယ်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၁

အခွင့်အလမ်းဂျာနယ်၏စီစဉ်မှုဖြင့် ပညာရပ်ဆိုင်ရာဟောပြောပွဲကို စက်တင်ဘာ ၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတွင် ဆရာမောင်ရေအေး (ဟားဗတ်တက္ကသိုလ်)က Some Thoughts of Project Management ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာထက်ကျော်က "အသစ်တွေလိုတယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လက်ပံတန်းမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

လက်ပံတန်း ဩဂုတ် ၃၁

ငါးသယံဇာတ တိုးပွားရေးအတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်က လက်ပံတန်းမြို့နယ်ရှိ လယ်သမား ဦးမြစိန်၏ စပါးခင်း ၁၂ ဧက၌ ကျင်းပသည်။

ငါးမျိုးများစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ငါးကောင်ရေ ၆၀၀၀၀ကို မိုးစပါးစိုက်ခင်းများသို့ ငါးမျိုးများစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

ယခုအခါ လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် မြို့နယ်အတွင်း စပါးခင်း ဧက ၄၂၀ ၌ ငါးကောင်ရေ ၂၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပြီးဖြစ်ကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီး)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနား လှည်းကူးမြို့နယ်၌ ကျင်းပ

လှည်းကူး ဩဂုတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု စံပြမိခင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက်က လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားပြီး စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယ ရရှိသူအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ဆုချီးမြှင့်ခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့က ကြီးမှူး၍ ကလေးငယ်များအား ဗီတာမင်အားဆေးများတိုက်ကျွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပခုက္ကူ အလက(၂)သို့ လှူဒါန်း

ပခုက္ကူ ဩဂုတ် ၃၁

ပခုက္ကူမြို့ ရွှေချောင်းကွက်သစ် ရွှေပိတောက်လမ်းနေ ဖခင်ဦးတင်ကြီးနှင့် မိခင်ဒေါ်ခင်သန်းတို့အား အမှူးထား၍ အလက (၂) ကျောင်းသား ကျောင်းသူဟောင်းများဖြစ်ကြသော သား ကိုစိုးသန်း၊ ဒေါက်တာသူရ၊ ကိုသက်ထွန်းအောင်၊ ဒေါက်တာလူမော်၊ သမီး မသင်းသင်းချို၊ မစုစုထွေး၊ မစုစုမော် မောင်နှမတစ်စုတို့က ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက အလက (၂)ကွန်ပျူတာခန်း၌ အသုံးပြုရန် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကွန်ပျူတာ သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဦးမင်းဖေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးနှင့်ဆရာ ဆရာမများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

မအူပင်၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

မအူပင် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု မလက်တိုကျေးရွာ တောင်သူ ဦးနေဝင်း၏ ကွင်းအမှတ်(၉၇၀)၊ ဦးပိုင်အမှတ် (၅၃)ရှိ လယ်မြေ ၁၀ ဧကတွင် သိပ္ပံနည်းကျ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ဆင်းသုခစပါးစိုက်ပျိုးပွဲကို ဩဂုတ် ၁၃ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါစိုက်ပျိုးပွဲတွင် မအူပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်/မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မလက်တိုကျေးရွာအုပ်စုမှ တောင်သူများ လေ့လာကြည့်ရှုကြပြီး ခရိုင်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးမောင်မောင်အေးက တောင်သူများအား သိပ္ပံနည်းကျစိုက်ပျိုးနည်း(၁၄)ချက်နှင့်အညီ လက်တွေ့စိုက်ပျိုးခြင်းကို ပြသရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းများ ရေစကြို၌ဖွင့်

ရေစကြို ဩဂုတ် ၃၁

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ရေစကြို)၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၅) နှင့်အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၈)သင်တန်းများဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသောင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ခြောက်ဦးနှင့် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၄၄ ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

▲ ရှေ့ဖုံးမှ

အနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများကို စွမ်းအင်ဝန်ကြီးဌာနမှ တိုက်ရိုက်ရယူပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးပေးခြင်းကို ၂၀၀၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်မှစ၍ ယနေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ စိုက်ပျိုးကြမည့် သီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ ကြံ၊ ဂုန်လျှော်၊ သီးနှံများအလိုက်ယူရီးယားဓာတ်မြေဩဇာ လိုအပ်ချက်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနများ၏ ခြံ၊ စိုက်ကွင်းများတွင် စိုက်ပျိုးမည့်သီးနှံများအတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာစာရင်းများကို ပြုစုပြီး စာရင်းဇယားအရ လိုအပ်ချက်အား စွမ်းအင်ဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားတစ်ဦးချင်းဆီသို့ တိုက်ရိုက်ရောင်းချပေးနိုင်ခြင်းမရှိသော်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တောင်သူလယ်သမားများအား တိုက်ရိုက်အကျိုးပြုသော ဆန်စပါးအထူးပြုကုမ္ပဏီများမှတစ်ဆင့် လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ (၆)လဆိုင်းအကြွေးစနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ဩဂုတ် ၁၀ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လျှောက်ထားလာမှုအပေါ် ဖြန့်ဖြူးနိုင်မှုအခြေအနေမှာ ကယားပြည်နယ် တန် (၂၅၀)၊ ကရင်ပြည်နယ် ၂၅၆ ဒသမ ၅၀ တန်၊ မွန်ပြည်နယ် (၃၉၆၃ ဒသမ ၅၀) တန်၊ ရခိုင်ပြည်နယ် (၅၆၀ ဒသမ ၁၀) တန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တန် (၁၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး (၂၈၅၀) တန်၊ မန္တလေးတိုင်းဒေသကြီး (၁၂၇၅ ဒသမ ၈၅) တန်၊ မကွေးတိုင်းဒေသကြီး (၁၂ ဒသမ ၅၀) တန်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) (၄၅၇၂ ဒသမ ၈၀) တန်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) (၄၆၇၀ ဒသမ ၇၅) တန်၊ ဧရာဝတီတိုင်းဒေသကြီး (၁၉၂၈၂ ဒသမ ၅၅) တန်၊ ရန်ကုန်တိုင်းဒေသကြီး (၃၁၆၃ ဒသမ ၇၅) တန်နှင့် နေပြည်တော်၌ (၁၁၂၅) တန် စုစုပေါင်း (၄၂၀၈၃ ဒသမ ၃၀) တန် တို့ဖြစ်ပါကြောင်း။

ဖြစ်ထွန်းခံစား

ယခုဘဏ္ဍာရေးနှစ်တွင် စွမ်းအင်ဝန်ကြီးဌာနလက်အောက်တွင်ရှိသည့် ဓာတ်မြေဩဇာစက်ရုံများမှ လျာထားချက်အတိုင်း ပြည့်မီအောင်ကြိုးပမ်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသော်လည်း နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ပကတိအမှန်လိုအပ်လျက်ရှိသော နှစ်စဉ်ဓာတ်မြေဩဇာတန်ချိန် (၃)သန်းခန့် လိုအပ်ချက်အပေါ် နိုင်ငံတော်အပိုင်းမှစက်ရုံများ ပိုမိုတိုးတက်တည်ဆောက်ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းနည်းလမ်း(အပါအဝင်)ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအား ထိထိရောက်ရောက် ဖိတ်ခေါ်ဆောင်ရွက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်ထွက်ရှိနိုင်ရေး အခြေခံသွင်းအားစု မြေဆီ/မြေဩဇာလိုအပ်ချက်အား ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် အမှန်လိုအပ်လျက်ရှိပါကြောင်း၊ သွင်းအားစုမြေဩဇာ လိုအပ်ချက်အပေါ် လက်တွေ့စီမံအကောင်အထည်ဖော်ပေးနိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ အဓိကသီးနှံ ဆန်စပါး ပိုမိုတိုးတက်ထုတ်လုပ်နိုင်မှု ရည်မှန်းချက်အပါအဝင် လယ်ယာထုတ်ကုန်သီးနှံများ တစ်ရှိန်ထိုးပိုမိုတိုးတက်ထွက်ရှိလာမည့် လက်တွေ့အကျိုးကျေးဇူးများ ဖြစ်ထွန်းခံစားရရှိလာနိုင်စေမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ဆွေးနွေးစဉ်။
(သတင်းစဉ်)

မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ၏ **မြန်မာနိုင်ငံတစ်ဝန်း၌ လက်ရှိကျွဲ၊ နွားတိရစ္ဆာန်စားကျက်မြေဧက မည်မျှရှိသည်၊ ၁၉၆၂ ခုနှစ်မတိုင်မီက ကျွဲ၊ နွားတိရစ္ဆာန် စားကျက်မြေဧက မည်မျှရှိသည်၊ ၁၉၆၂ ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ်တွင် စားကျက်မြေဧက မည်မျှရှိ၍ သီးစားချခြင်း၊ သား၊ ငါးပုစွန်မွေးမြူရေးကန်/တာအဖြစ် ခွင့်ပြုသော ဧကပေါင်း မည်မျှရှိသည်၊ ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း မင်းပြားမြို့နယ်တွင် စားကျက်မြေ၊ ကန့်သတ်မြေ၊ သီးစားချမြေနှင့် မွေးမြူရေးတာတမံအဖြစ် ခွင့်ပြုမြေဧကမည်မျှ ရှိသည်နှင့် ယင်းစားကျက်မြေများတွင် သီးစားချခွင့်ပြုခဲ့သော မြေနှင့်ငါး၊ ပုစွန်ကန်အဖြစ် ခွင့်ပြုခဲ့သောမြေများကို ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးနှင့် တိရစ္ဆာန် ကျွဲ၊ နွားများ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ဆောလျင်စွာ ရုပ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းတွင် ယခင်ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ကျွဲ၊ နွား စားကျက်မြေ ထိန်းသိမ်းရေးစာရင်းအင်းဖော်ပြချက်များအရ ၁၉၆၂ ခုနှစ်မတိုင်မီက ကျွဲ၊ နွား စားကျက်မြေဧရိယာ (၉၁၇၂၀၆) ဧက ရှိခဲ့ကြောင်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းအင်းကိန်းဂဏန်းများအရ ပြည်ထောင်စုချုပ် ကျွဲ၊ နွားစားကျက် မြေဧရိယာ(၇၆၀၉၉၁)ဧက ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံနှင့်ရသေ့တောင်မြို့နယ်များ၌ စပါးစိုက်ပျိုးရန်အတွက် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက စားကျက်မြေအဖြစ်မှ ပယ်ဖျက်သည့် ဧရိယာမှာ (၄၄၆၀)ဧကရှိခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်စာရင်းအရ ရခိုင်ပြည်နယ် တစ်ခုလုံးစားကျက်မြေ ဧရိယာ (၇၉၉၇၂)ဧက ကျန်ရှိပါကြောင်းနှင့် စားကျက်မြေဧရိယာများမှာ ငါး၊ ပုစွန် မွေးမြူရေးကန်များအဖြစ် တရားဝင်ခွင့်ပြုချထားခြင်း မရှိခဲ့သော်လည်း ငါး၊ ပုစွန် မွေးမြူရေးကန်အဖြစ် (၂၄၅၃) ဧက အသုံးပြုထားသည်ကို တွေ့ရှိရပါကြောင်း။

မင်းပြားမြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းများအရ ကျွဲ၊ နွားစားကျက်မြေဧရိယာ (၁၁၇၉၃) ဧကရှိပြီး ၂၀၁၄ ခုနှစ်တွင် စပါးစိုက်ပျိုးရန်အတွက် စားကျက်မြေ (၁၂၃၆) ဧကကို ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုခဲ့ကြောင်းနှင့် ကျွဲ၊ နွားစားကျက်မြေများတွင် ငါး၊ ပုစွန်မွေးမြူရေးအတွက် တရားဝင်ခွင့်ပြုချထားခြင်းများ မရှိခဲ့သော်လည်း မင်းပြားမြို့နယ်တွင် ပုစွန် မွေးမြူရေးကန်အဖြစ် (၄၂၄) ဧက အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယခုတင်ပြသည့် ကျွဲ၊ နွားစားကျက်မြေဧရိယာများသည် မူလပြုစုထားသည့် စာရင်းများအရ ဖော်ပြထားခြင်းဖြစ်သည့်အတွက် မြေပြင်အမှန်ပကတိအခြေအနေများနှင့် ကွဲလွဲမှုများရှိနိုင်မည်ဟုလည်း သုံးသပ်ရရှိပါကြောင်း၊ မြေအသုံးချမှု မြေပြင်ကိန်းဂဏန်းများမှန်ကန်ရေးအတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ မြေပြင်စာရင်းကောက်ယူ အတည်ပြုရေးတာဝန်ယူဆောင်ရွက်စေလျက်ရှိသကဲ့သို့ သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကလည်း အထူးအလေးထားကြပ်မတ်ကွပ်ကဲ ပေါင်းစပ်ကူညီပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံတော်အဆင့်က မပြတ်နှိုးဆော်တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျွဲ၊ နွားစားကျက်မြေ စီမံခန့်ခွဲခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တည်ဆဲဥပဒေများနှင့်အညီ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အဆင့်ဆင့် စိစစ်တင်ပြချက်များအရ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

ပြန်လည်ဖြေကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

ယခုကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်အစိုးရထံသို့တင်ပြပြီး တောင်သူလယ်သမားများ၏ အခက်အခဲများကို လက်တွေ့ပကတိမြေပြင်အခြေအနေနှင့် ကိုက်ညီစွာ စိစစ်သုံးသပ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာရေးအတွက် ကျေးလက်ဒေသများ၌ ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအထောက်အကူပြုနိုင်သော လုပ်ငန်းဖြစ်သည့်အားလျော်စွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသအလိုက် ပြည်သူလူထု၏ လိုအပ်ချက်အပေါ် စနစ်တကျ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် သုံးသပ်စီမံဆောင်ရွက်ပေးသွားကြရန်နှင့် အလေးထားပြင်ဆင်ဆောင်ရွက်ပေးရန်၊ လိုအပ်ချက်များပေါ်တွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နယ်မြေပြည်သူလူထု၏ လိုအပ်ချက်များကို အလေးထားပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန်၏ **ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်ရှိ စပါးစိုက်ပျိုးနိုင်သော လယ်များသည် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ဝတို့ကြား တည်ရှိပြီး မြေနိမ့်လွင်ပြင်ဖြစ်သောကြောင့် မိုးတွင်းကာလတွင် ရေလွှမ်းပြီး လယ်မြေများ ရေမြုပ်ပျက်စီးလေ့ရှိပါကြောင်း၊ သို့ဖြစ်၍ ထိုသို့ရေမြုပ်ခြင်းမခံရအောင် လက်ရှိတည်ရှိနေသည့် တူးမြောင်းကြီးများအား ရေပိုမိုနုတ်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးနယ်မြေအတွင်း ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းတို့တွင် ထူးကဲမိုးရွာခဲ့သည့်အပြင် ပဲခူးမြစ်ရေ မြင့်တက်ခြင်းဖြစ်ခဲ့သည့်အတွက် ရေမနုတ်နိုင်ဘဲ ရေကြီးနစ်မြုပ်မှုကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ပထမအဆင့်အနေဖြင့် အဗျား-ရှမ်းကိုင်း ရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်း၊ မင်းရွာ-ကုက္ကိုရေနုတ်မြောင်းတူးဖော်ခြင်း၊ မင်းရွာ-ကလိုင်တံတား-ပိုင်ကျုံရေနုတ်မြောင်း တူးဖော်ခြင်းနှင့် ဆည်မချောင်း ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ကလိုင်တံတားမှ အုန်းနဲ့လမ်းဘေးမြောင်းအား ပြန်လည်ချဲ့ထွင်တူးဖော်ပြီး မိုင် (၃၀)စိမ်းလန်းတူးမြောင်းနှင့် ဆက်သွယ်ပေးခြင်း၊ ကဝမြို့နယ်အတွင်း ပဲခူးမြစ်ကမ်းဘေးရှိ ဘုန်းမစိုးရေတံခါးတည်ဆောက်ပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရမ်းချောင်းအား ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကို ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေးအတွက် စစ်တောင်းမြစ်ဝှမ်း (ပြွန်တန်ဆာလွင်ပြင်) ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးစီမံချက်၊ ကဝ-သနပ်ပင် ရေကြီးနစ်မြုပ်မှုကာကွယ်ရေးစီမံချက်များကို ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သို့ စီမံချက်အဆင့်ဆင့်ရေးဆွဲတင်ပြထားရှိပြီး ဖြစ်ပါကြောင်း။

အကောင်အထည်ဖော်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ကိုဒူကွဲရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စလူချောင်းရေလှောင်တမံစီမံကိန်းနှင့် ရွှေလောင်းချောင်းရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ပဲခူးမြို့နယ်၌ ရေကြီးမှု၊ ရေလွှမ်းမိုးမှုမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်၍ အဆိုပါစီမံကိန်းများအား နိုင်ငံတော်သို့တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေခွင့်ပြုချက်တွက်ချက်တင်ပြပြီး ခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ထိရောက်စွာကာကွယ်ခြင်းအားဖြင့် ပဲခူးမြစ်ရေဝင်ရောက်မှုကို တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ရန်ပုံငွေခွဲဝေချထားပေးနိုင်ရေး စီမံဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း ပွင့်လင်းရာသီတွင်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များအရ ရန်ပုံငွေခွင့်ပြုချက်အပေါ်မူတည်၍ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းစိန် မေးမြန်းစဉ်။
(သတင်းစဉ်)

ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း မေးမြန်းစဉ်။
(သတင်းစဉ်)

ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ရွှေလီတမံသည် အလျား (၃၆၈၀၀)ပေရှိသော တာတမံဖြစ်ပြီး အချို့နေရာများတွင် ကျိုးပေါက်လျက်ရှိသောကြောင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဥတ်ရိုက်မြေဖို့ ဆောင်ရွက်ခဲ့သော်လည်း မြစ်ရေတိုးသည့်အချိန်တွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်နိုင်သည့် အခြေအနေနှင့် နှစ်စဉ်ကြုံတွေ့လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ရွှေလီတမံကို ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရွှေလီရေဘေးကာကွယ်ရေးတာတမံသည် ကသာမြို့နယ် ရွှေလီမြစ်ကမ်းတစ်လျှောက် ဝက်တူးကျေးရွာမှ နန်းနွဲ့ကျေးရွာအထိ အရှည်ပေ (၃၆၈၀၀) မိုင်အားဖြင့် (၆ ဒသမ ၉၇) မိုင်ခန့်ရှိပြီး မူလတည်ဆောက်စဉ်က တာပေါင်အကျယ် (၈)ပေ၊ အမြင့် (၇)ပေနှင့် အောက်ခြေအကျယ် (၃၅)ပေ ရှိပါကြောင်း၊ ၁၉၈၂-၁၉၈၃ ခုနှစ်မှစတင်၍ ဒေသခံကျေးရွာလူထုနှင့် ဆည်မြောင်းဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဝက်တူးကျေးရွာအုပ်စု၊ ဆိပ်သာကျေးရွာအုပ်စုနှင့် ငါးတဲကျေးရွာအုပ်စုရှိ စိုက်ပျိုးမြေ (၆၈၆၂)ဧကကို ရေဘေးမှကာကွယ်ပေးပါကြောင်း၊ တည်ဆောက်ပြီးချိန် နှစ်ပေါင်း (၂၀)ကျော်ကာလ ကြာမြင့်ခဲ့ပြီဖြစ်၍ တာပေါင်အတိုင်းအတာ မပြည့်မီတော့ခြင်း၊ တာပေါင်နိမ့်ကျခြင်း၊ အချို့နေရာ တာပေါင်ကျိုးပျက်ခြင်းများဖြစ်ပေါ်နေပါကြောင်း။

ပြန်လည်ပြုပြင်

အချို့နေရာများတွင် ရွှေလီမြစ်ကမ်းပြိုမှုကြောင့် ကမ်းနှင့်နီးကပ်နေပြီး တာအူကြောင်း အသစ်ပြောင်းရမည့် အခြေအနေဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ပြင် ရွှေလီမြစ်ရေကြီး၍ ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ စိတ်ချလက်ချကာကွယ်နိုင်ရန်အတွက် ရွှေလီရေဘေးကာကွယ်ရေးတာတမံကို စံချိန်စံညွှန်းနှင့်အညီ ပြန်လည်ပြုပြင်ရန် လိုအပ်သည်ကိုတွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၁-၂၀၁၂ ခုနှစ် ပွင့်လင်းရာသီတွင် ကွင်းဆင်းစစ်ဆေး၍ အသေးစိတ်တိုင်းတာတွက်ချက်ပုံထုတ်ပြီး လုပ်ငန်းဆောင်ရွက်ရန်စီစဉ်ထားပါကြောင်း၊ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများ အစီအစဉ်အရ ဘဏ္ဍာငွေခွင့်ပြုမှုပေါ်မူတည်၍ ရွှေလီရေဘေးကာကွယ်ရေးတာတမံကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ် (၄)ဦး၏ လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းနှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည်ဖြေကြားသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးသော အိမ်သုံးလျှပ်စစ်မီတာခများနှင့် လုပ်ငန်းသုံးလျှပ်စစ်မီတာခများအား ကြိုတင်ပေးဆောင်သောကတ် (Pre Paid Card) စနစ်ဖြင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် ဇူလိုင်အထိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အိမ်သုံး မီတာ (၈၅၀၇၈၄)လုံးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် (၁၄၁၂၆၃၀)လုံး တစ်နိုင်ငံလုံး စုစုပေါင်း (၂၂၆၃၄၁၄)လုံး

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းစဉ်။
(သတင်းစဉ်)

လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဆွေးနွေးစဉ်။
(သတင်းစဉ်)

တပ်ဆင်ပေးထားပါကြောင်း၊ Pre Paid Card စနစ် ဆောင်ရွက်မည်ဆိုပါက Pre Paid Meter အနေဖြင့် ထုတ်လုပ်သည့်နိုင်ငံ၊ အမျိုးအစားပေါ်မူတည်ပြီး အိမ်သုံးမီတာနှင့် ပါဝါမီတာ(၁)လုံးတို့၏ အကြမ်းဖျင်းဈေးမှာ အမေရိကန်ဒေါ်လာ (၁၀၀)နှင့် (၁၅၀)ကြားရှိပါကြောင်း၊ စက်မှုလက်မှုသုံးနှင့် ထရန်စဖော်မာစီတီ မီတာအနေဖြင့် ထို့ထက်ပို၍ ဈေးကြီးသည်ကို သိရှိရပါကြောင်း၊ ပျမ်းမျှအားဖြင့် မီတာ (၁)လုံး၏ ဈေးနှုန်းကို ကျပ်တစ်သိန်းနှုန်းဖြင့် တွက်ချက်လျှင် တစ်နိုင်ငံလုံး၏ မီတာများလဲလှယ်ရန် ငွေကျပ် (၂၂၆၃ ဒသမ ၄၁၄) ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အခြားဆက်စပ်လိုအပ်သည့် ပစ္စည်းများ၊ Infrastructure များ ထည့်သွင်းတွက်ချက်မည်ဆိုပါက ပိုမိုကုန်ကျမည် ဖြစ်ပါကြောင်း။

စတင်ဆွေးနွေး

အသစ်လဲလှယ်ရာတွင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ သတ်မှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများကို လေ့လာရာ၌ လက်ရှိမြန်မာနိုင်ငံတွင် သုံးစွဲနေသော မီတာများကဲ့သို့ တပ်ဆင်အသုံးပြုပြီး ကျသင့်သည့် မီတာခများကို သက်ဆိုင်ရာရုံးများ၌ သွားရောက်ပေးဆောင်မည့်အစား မီတာလက်ခံရန် သတ်မှတ်ထားသောနေရာများတွင် ပေးဆောင်ခြင်း၊ Online ပုံစံဖြင့် ပေးဆောင်ခြင်း စနစ်များဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ Pre Paid Card အား Pilot Project အနေဖြင့် စမ်းသပ်ဆဲကာလဟု သိရှိရပါကြောင်း၊ အလားတူ အခြားနိုင်ငံများ၏ Pre Paid Card စနစ်သုံးစွဲမှုကို လေ့လာရာတွင် တပ်ဆင်ထားပြီးသည့် မီတာများ၏ အများဆုံး(၁၀)ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်ထားသည်ဟု သိရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း Online ပုံစံဖြင့် မီတာခပေးဆောင်သောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စတင်ဆွေးနွေးလျက်ရှိပါကြောင်း၊ အိမ်သုံးမီတာများနှင့် လုပ်ငန်းသုံးလျှပ်စစ်မီတာခများကို ကြိုတင်ပေးဆောင်သောကတ် (Pre Paid Card) စနစ်ဖြင့် ဓာတ်အားခ ကောက်ခံသည့်ကိစ္စအား ဆောင်ရွက်ပေးရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့အတွင်း လမ်းမကြီးများ၊ ရပ်ကွက်အတွင်းရှိ လမ်းသွယ်များတွင် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ လျှပ်စစ်သစ်သားတိုင်အချို့ကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးတပ်ဆင်ပေးလျက်ရှိပြီး လမ်းပေါင်း (၆၂)လမ်းမှ လဲလှယ်ရန် ကျန်ရှိနေသော သစ်သားလျှပ်စစ်မီးတိုင် (၁၇၅)တိုင်မှာ ပျက်စီးနေပြီး အချို့မှာ အကူဒေါက်တိုင်များဖြင့်** *စာမျက်နှာ ၄ ကော်လံ ၁ သို့*

1-9 (03).pmd 1 9/1/2011, 3:56 AM

စာမျက်နှာ ၃ မှ

အားပြုနေရသဖြင့် ယင်းစာတ်တိုင်များအား အစားထိုးလဲလှယ်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကွန်ကရစ်လျှပ်စစ်မီးတိုင် (၁၀၄၄၈)တိုင်ကို လဲလှယ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးပြိုလဲခဲ့သော လျှပ်စစ်မီးတိုင်များကိုလည်း ကွန်ကရစ်တိုင် (၇၃၁၆)ဖြင့် အစားထိုးလဲလှယ်ပေးခဲ့ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ကွန်ကရစ်ကျောက်တိုင် (၉၁၈၆)တိုင်ကို အစားထိုးလဲလှယ်နိုင်ရန်အတွက် ရန်ပုံငွေလျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သာကေတမြို့နယ်နှင့် ပတ်သက်၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ယခုနှစ် ရန်ပုံငွေလျာထားချက်တွင် ပါဝင်ခြင်းမရှိသော်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် တတိယနှင့် စတုတ္ထသုံးလပတ်အတွင်း တိုင်(၉၀)အားလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမနှင့် ဒုတိယသုံးလပတ်အတွင်း ကျန်ရှိသည့်တိုင် (၈၅)တိုင်ကို ရန်ပုံငွေလျာထားပြီး အစားထိုးလဲလှယ်ပေးရန် စီစဉ်ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း မြို့နယ်(၇)မြို့နယ်ရှိသည့်အနက် ပင်လည်ဘူးမြို့ တစ်မြို့တည်းသာ နိုင်ငံတော်မှဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းမှ သွယ်တန်းအသုံးပြုခွင့် မရသေးသောကြောင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပင်လည်ဘူးမြို့၌ လက်ရှိအခြေအနေအရ ဒေသမှ လှူဒါန်းသော ဟီးနိုးအင်ဂျင်စက်တစ်လုံးဖြင့် ဌာနပိုင် (၁၅၀)ကေဗွီအေ ဒိုင်နမို(၂)လုံးနှင့်တွဲ၍ လျှပ်စစ်ဓာတ်အားပေးနေပါကြောင်း၊ လက်ရှိမီးသုံးစွဲသူဦးရေ (၅၃၀)ရှိပြီး လစဉ်ဌာနမှ ဒီဇယ်ဆီဂါလန် (၉၈၀)ပံ့ပိုးပေး၍ တစ်နေ့လျှင်(၂)နာရီ လျှပ်စစ်ဓာတ်အားပေးလျက်ရှိပါကြောင်း၊ လျှပ်စစ်သုံးစွဲခအနေဖြင့် တစ်ယူနစ်လျှင် (၂၅)ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း ကျောက်ပုထိုး(၁၃၂/၃၃/၆၆ ဒသမ ၆) ကေဗွီ၊ (၁၅)အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ပင်လည်ဘူးမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် လက်ရှိတည်ဆောက်ဆဲဖြစ်သည့် ကောလင်း-ဝန်းသို(၃၃)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ပင်လည်ဘူးအထိ (၃၃)ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ဓာတ်အားပေးရမည်ဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်းအရှည်မှာ ခန့်မှန်း(၃၅)မိုင်ခန့်ရှိသဖြင့် ပင်လည်ဘူးမြို့၌ (၃၃/၁၁) ကေဗွီ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ (၃၃)ကေဗွီဓာတ်အားလိုင်း တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ တစ်မိုင်လျှင် သိန်း(၂၅၀)ခန့် ရှိသည့်အတွက် ဓာတ်အားလိုင်းတည်ဆောက်မှုအားလုံး စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သိန်း (၈၇၅၀) ခန့် ဖြစ်ပါကြောင်း။

စီစဉ်ဆောင်ရွက်

ပင်လည်ဘူးမြို့၌ (၃၃/၁၁)ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်မှု ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း(၁၂၀၀)ခန့် ဖြစ်သည့်အတွက် ပင်လည်ဘူးမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် စုစုပေါင်း ငွေကျပ်သိန်း(၉၉၅၀)ခန့်မှန်းကုန်ကျမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတွက် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းစီမံကိန်းများကို ဘဏ္ဍာငွေလျာထားဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာငွေသုံးစွဲနိုင်မှုအပေါ် မူတည်ပြီး ပင်လည်ဘူးမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးကို အချိန်ကာလတစ်ခုအတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **သံဖြူဇရပ်မြို့နယ်အထိ ပေးဝေထားပြီး ဖြစ်သော လျှပ်စစ်မဟာဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အားကို ရေးမြို့နယ်အတွင်းသို့ပေးဝေရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေအရ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို မွန်ပြည်နယ်အတွင်း မော်လမြိုင်မြို့အထိ (၆၆)ကေဗွီဗို့အားစနစ်ဖြင့် ပေးပို့ထားပြီး မော်လမြိုင်မြို့၌ (၆၆/၃၃) ကေဗွီ (၂၀) အမ်ဗွီအေ ဓာတ်အားခွဲရုံမှ လက်ခံရယူထားပါကြောင်း၊ မော်လမြိုင်မြို့မှ မုဒုံ၊ သံဖြူဇရပ်မြို့အထိ (၃၃)ကေဗွီဓာတ်အားလိုင်း မိုင် (၄၀)နှင့် ဓာတ်အားပေးပို့ထားသည့်အတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို မွန်ပြည်နယ်အတွင်း သံဖြူဇရပ်မြို့အထိ ဓာတ်အားပေးထားပြီးဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်း တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး သထုံမြို့အထိ ရောက်ရှိပြီးဖြစ်သော (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းကို မော်လမြိုင်မြို့အထိ ဓာတ်အားပို့လွှတ်ရန် စီမံကိန်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းတွင် သထုံ-မော်လမြိုင် (၂၃၀)ကေဗွီ ဓာတ်အားလိုင်း (၅၀ ဒသမ ၁)မိုင်၊ ဂျိုင်းမြစ်နှင့် သံလွင်မြစ်ကျော်ဓာတ်အားလိုင်း (၂)ခုနှင့် မော်လမြိုင်မြို့၌ (၂၃၀/၆၆/၁၁)ကေဗွီ (၂×၅၀=၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပါဝင်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် (၃၅)ရာခိုင်နှုန်းခန့် ပြီးစီးခြင်းဖြစ်သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည် ဖြစ်ပါကြောင်း။

ရည်မှန်းချက်များထား

လက်ရှိအခြေအနေတွင် ရေးမြို့၌ မီးလင်းရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ (၃၀၀) ကေဗွီအေ ကန်းမင်းမီးစက် (၄)လုံးဖြင့် ဓာတ်အားပေးထားလျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားခများကို ဒေသအာဏာပိုင်နှင့် မီးလင်းရေးကော်မတီတို့က ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုထွက်ရှိလာမှုအပေါ် မူတည်ပြီး ဓာတ်အားပို့လွှတ်ရာတွင် မော်လမြိုင်မြို့မှ ရေးမြို့အထိ (၉၇) မိုင်၊ ရေးမြို့မှ ထားဝယ်မြို့အထိ မိုင် (၁၀၀) ကွာဝေးသည့်အတွက် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းများဖြင့်သာ ဓာတ်အားပို့လွှတ်သွားရမည်ဖြစ်ပါကြောင်း၊ ရေးမြို့၊ ထားဝယ်မြို့မှတစ်ဆင့် မြိတ်မြို့အထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်နိုင်ရေး စီမံကိန်းကြီးများ အကောင်အထည်ဖော်ရေး ရည်မှန်းချက်များထားပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၏ **စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင်ရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းသည် အကျယ်အဝန်း၊ ရေ၊ မီးနှင့်အခြားသော အခြေအနေများပြည့်စုံစွာရှိသောကြောင့် ကျွဲ၊ နွားခွာနာလျှာနာရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်သော ဓာတ်ခွဲခန်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ၁၉၇၅ ခုနှစ်မှ စတင်၍ အင်းစိန်မြို့တွင် ခွာနာလျှာနာဓာတ်ခွဲခန်းထူထောင်ပြီး ခွာနာလျှာနာရောဂါရှာဖွေရေးနှင့် အရည်အသွေးပြည့်ဝသော ကာကွယ်ဆေးထုတ်လုပ်မှု လုပ်ငန်းများကို စတင်လေ့လာခဲ့ပြီး ခွာနာလျှာနာကာကွယ်ဆေးကို ၁၉၈၄ ခုနှစ် ဧပြီမှစတင်၍ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ခွာနာလျှာနာကာကွယ်ဆေးကို စုစုပေါင်း ကျွဲ၊ နွားကောင်ရေ (၂၂၁၀၀၀) အတွက် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် အင်းစိန်ကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်းအပြင် မြင်းမူဓာတ်ခွဲခန်းကို အရန်ခွာနာလျှာနာရောဂါကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်းအဖြစ် ဆောင်ရွက်သွားနိုင်ရန် မူလကရည်မှန်းချက်ထားရှိခဲ့ပါသော်လည်း ဓာတ်ခွဲခန်းတည်နေရာရှိမြေအောက်ရေသည် ကာကွယ်ဆေးထုတ်လုပ်ရန် လိုအပ်သည့်အရည်အသွေးမပြည့်မီခြင်း၊ ကာကွယ်ဆေးထုတ်လုပ်ရန် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာပြည့်စုံမှုမရှိခြင်း၊ အင်းစိန်ဓာတ်ခွဲခန်းမှ ကာကွယ်ဆေးထုတ်လုပ်မှုဖြင့် လက်ရှိလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မှုရှိခြင်း၊ ၄င်းနေရာတွင် ဓာတ်ခွဲခန်း တည်ဆောက်ခြင်းအားဖြင့် သယ်ယူပို့ဆောင်စရိတ်နှင့် ထုတ်လုပ်မှုစရိတ်များ ပိုမိုကုန်ကျနိုင်ခြင်းတို့ကြောင့် ကာကွယ်ဆေးထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း။



မြင်းမူဓာတ်ခွဲခန်းတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးခြင်း၊ ရောဂါနမူနာပစ္စည်းများကောက်ယူပေးပို့ခြင်း၊ ရောဂါစူးစမ်းရှာဖွေထောက်လှမ်းခြင်း၊ နွားငယ်သွေးရည်ကြည်ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများအပြင် "ခွာနာလျှာနာရောဂါပိုးစစ်ဆေးခြင်း၊ ရောဂါပိုးအမျိုးအစားခွဲခြားခြင်း၊ သွေးရည်ကြည်စစ်ဆေးခြင်း" တို့ကို Enzyme Linked Immunosorbant Assay (ELISA) နည်းဖြင့် စစ်ဆေးနိုင်ရေးအတွက် လိုအပ်သည့် ဓာတ်ခွဲခန်းသုံး စက်ကိရိယာများ၊ ဓာတုပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်၍ မြန်မာနိုင်ငံအထက်ပိုင်းဒေသများအတွက် ခွာနာလျှာနာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (FMD Diagnosis Laboratory) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည် ဖြေကြားသည်။

ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းက **ငါးမွေးမြူရေးလုပ်ငန်းအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းအား မေးမြန်းရန်တင်ပြခဲ့သော်လည်း တာဝန်ရှိသူပြည်ထောင်စုဝန်ကြီးအနေဖြင့် ဖြေကြားပေးရန်မလိုတော့ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များသိရှိနိုင်ရန်နှင့် မှတ်တမ်းတင်နိုင်ရန်အတွက်သာ ဖတ်ကြားတင်ပြမည်ဖြစ်ကြောင်းဖြင့်တင်ပြပြီး မေးခွန်းကို ဦးမောင်မောင်သိမ်းက ဖတ်ကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့က တင်သွင်းခဲ့သော တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၏ **"ဈေးကွက်တွင်ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက ဆွေးနွေးကြသည်။

မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆွေးနွေးရာတွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ တစ်နှစ်အတွင်း တစ်ဒေါ်လာလျှင် (၁၀၀၀)ကျပ်မှ (၇၀၀)ကျပ်အထိကျဆင်းခဲ့၍ (၃၀)ရာခိုင်နှုန်းအထိ ငွေကြေးကျဆင်းမှုများ ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းများလုပ်ကိုင်လိုသော်လည်း လုပ်ငန်းများဆက်လက်လုပ်ကိုင်ရန် ဘက်ပေါင်းစုံမှ အခက်အခဲများစွာ ကြုံတွေ့နေရသောအချိန် ရောက်ရှိနေပါသဖြင့် နည်းလမ်းမျိုးစုံအသုံးပြု၍ လုပ်ငန်းများပုံမှန်လည်ပတ်လာစေရန် အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းကူညီဆောင်ရွက်ပေးရန် အချိန်အခါရောက်ရှိနေပြီဟု ယူဆပါကြောင်း၊ သို့ဖြစ်၍ အဆိုအားလိုက်လိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်က ဆွေးနွေးရာတွင် နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများဖြစ်သော လယ်ယာကဏ္ဍ၊ သမဝါယမကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းများသည် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းကျဆင်းမှုကြောင့် ထုတ်လုပ်ကုန်ကျမှုစရိတ်ကာမိခြင်း မရှိတော့ပါသဖြင့် လုပ်ငန်းများရပ်ဆိုင်းရတော့မည့် အခြေအနေ၊ ဆက်လက်လုပ်ကိုင်ရန် အခက်အခဲရှိသည့် အခြေအနေများ ကြုံတွေ့နေရပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လျင်မြန်စွာဆောင်ရွက်

အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးက ဆွေးနွေးရာတွင် ယခု အမေရိကန်ဒေါ်လာကျဆင်းပြီး လယ်ယာထွက်ကုန်သီးနှံ ဈေးကျဆင်းမှုကြောင့် မြန်မာနိုင်ငံမှ တောင်သူလယ်သမားများအနေဖြင့် စားဝတ်နေရေးအခက်အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လျင်မြန်စွာစီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းနှင့် ဤအဆိုအားထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်က ဆွေးနွေးရာတွင် ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် ထိခိုက်နစ်နာသည့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများ၊ ပြည်သူပြည်သားများ၏ အခက်အခဲများ ပြေလည်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးပြန်လည်အားကောင်းလာစေရန်အတွက် လက်ရှိဆောင်ရွက်ပေးနေမှုများအပြင် မြန်မြန်ဆန်ဆန် အကျိုးသက်ရောက်မှုရှိနိုင်သည့် ရေတိုရေရှည်အစီအမံများဖြင့် ဆက်လက်ဆောင်ရွက်သင့်သည်ကို တွေ့ရှိရပါသဖြင့် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထိခိုက်နစ်နာ

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်းက ဆွေးနွေးရာတွင် နိုင်ငံခြားပို့ကုန်များဖြစ်ကြသော ပဲအမျိုးမျိုး၊ ပြောင်း၊ စပါး စသည့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ဈေးကျသည့်အတွက် ပါဝင်ပတ်သက်နေသော စိုက်ပျိုးထုတ်လုပ်သူ၊ တင်ပို့ရောင်းချသူများ ထိခိုက်နစ်နာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဈေးပေါသည့် အိမ်နီးချင်းနိုင်ငံမှ ထွက်ကုန်များ ဒလဟောဝင်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူစပြုနေသော နိုင်ငံခြားငွေနှင့် ဆက်စပ်နေသည့် ပို့ကုန်ထုတ်လုပ်ငန်း၊ နိုင်ငံခြားခရီးသွားလာရေးလုပ်ငန်းများကို ထိခိုက်နစ်နာစေမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဒေါ်လာငွေတန်ဖိုးဆက်တိုက်ကျဆင်းလာနေသည်ကို အချိန်မီမကိုင်တွယ်လျှင် အန္တရာယ်ကြီးသည့်အတွက် အချိန်မီကိုင်တွယ်ရန်လိုအပ်ပါကြောင်းနှင့် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ဆွေးနွေးရာတွင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်၌သာ တာဝန်ရှိသည်ဟုဆိုနိုင်သော်လည်း ယခုကိစ္စတွင် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပြီး ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ အခွန်အကောက်များလျှော့ပေါ့ရေး၊ သယ်ယူပို့ဆောင်စရိတ်များ လျှော့နည်းရေးတို့ကို အမျိုးသားစီမံကိန်းအဆင့်ဖြင့် ဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဆွေးနွေးရာတွင် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးလျက်ရှိရာ အဆိုပါလွှဲပြောင်းပြီးလုပ်ငန်းများကို အမြန်ဆုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ဒေါ်လာဈေးကွက် များလာသဖြင့် ပြန်လည်လျှော့ချရန် လိုအပ်ပါကြောင်း၊ နိုင်ငံတိုးတက်ရန်အတွက် လုပ်ဆောင်သင့်သည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လေ့လာပြင်ဆင်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ရှိမြန်မာနိုင်ငံတွင် အစိုးရက တရားဝင်သတ်မှတ်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်း၊ အပြိုင်ဈေးကွက်တွင်ဖြစ်ပေါ်နေသော နိုင်ငံခြားငွေဖြစ်ပေါ်နှုန်း၊ နိုင်ငံခြားငွေလက်မှတ် (FEC) ငွေလဲလှယ်နှုန်း၊ ဟွန်ဒီငွေလဲလှယ်နှုန်း၊ Earning ငွေလဲလှယ်နှုန်း၊ Account Transfer ငွေလဲလှယ်နှုန်း စသည်ဖြင့် ငွေလဲလှယ်နှုန်းအမျိုးမျိုးဖြစ်ပေါ်လျက်ရှိနေခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှုပ်ထွေးမှုနှင့် အဆင်မပြေမှုများကို ဖြစ်ပေါ်စေပါကြောင်း၊ ထိုအခြေအနေများကို ကုစားရန်အတွက် တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းအား သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးလုပ်ဆောင်ရန်အတွက် လိုအပ်သည့် လေ့လာပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းခြင်းကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

သို့သော် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲသတ်မှတ်မှုကို လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်ပါက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများအပေါ် ဆိုးရွားသောအကျိုးသက်ရောက်မှုများရှိနိုင်သည်ကို သတိပြုရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းသည် နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုအခြေအနေ (GDP)၊ ပြည်တွင်းကုန်သွယ်မှု အခြေအနေ၊ ငွေဖောင်းပွမှုနှုန်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းနှင့် ပြည်ပကြွေးမြီများ အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံတော်၏ သီးသန့်နိုင်ငံခြား ငွေပမာဏ၊ ဖြစ်ပေါ်လာမည့် နိုင်ငံခြားငွေဈေးကွက်ကို တည်ငြိမ်အောင် ထိန်းသိမ်းရန်လိုအပ်သော အတတ်ပညာ၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံနှင့် လုံလောက်သော ရန်ပုံငွေပမာဏ စသည်ဖြင့် ဘက်စုံထောင့်စုံမှ စဉ်းစားသုံးသပ်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း။

လျှော့ပေါ့သတ်မှတ်

နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးဆောင်ရွက်ပြီးပါက နိုင်ငံတော်က နိုင်ငံခြားငွေဈေးကွက်ကို ဝင်ရောက်ထိန်းကျောင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများအတွက် အခွန်မူဝါဒနှင့် ကုန်သွယ်မှု မူဝါဒတို့အပြင် ငွေလဲလှယ်နှုန်း မူဝါဒနှင့်လည်း အထောက်အကူပြု ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ဘဏ်တိုးနှုန်းပြင်ဆင်ရေးအတွက်လည်း လက်ရှိအခြေအနေနှင့်ကိုက်ညီသောနှုန်းထားများပြင်ဆင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် လျှော့ပေါ့သတ်မှတ်ပေးခြင်း၊ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုပေးခြင်း၊ နိုင်ငံခြားငွေရရှိမှုအပေါ် ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကိုလျှော့ပေါ့သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အကျပ်အတည်းအချို့ဖြစ်ပေါ်လာသည်များလည်းရှိသည့်အတွက် ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်လာအောင်၊ ပို့ကုန်သွင်းကုန်လိုင်စင်များကို အများဆုံး(၂)ပတ် အတောတွင်းရရှိအောင်၊ ကုမ္ပဏီထူထောင်ခွင့်လိုင်စင်များကို အများဆုံး(၂)လအတွင်းရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လက်ရှိအကောက်အခွန်နှုန်းများလျှော့ချခြင်း၊ အကောက်အခွန်မဟုတ်သည့် ကုန်သွယ်ရေးအတားအဆီးများဖယ်ရှားခြင်း၊ ကုန်သွယ်ရေးနှင့်အကောက်အခွန်စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းလိုင်စင်များ၊ လုပ်ထုံး လုပ်နည်းများတစ်ပြေးညီဖြစ်စေခြင်း၊ လျှော့ပေါ့မှုပေးခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသအတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေဖြင့် အခွင့်အလမ်းများရယူနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အနေဖြင့် အချို့ကိုဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်း ရှင်းလင်းတင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဦးစိုးသာ၏အဆိုသည် သီးခြားမဲခွဲဆုံးဖြတ်ရန်မလိုဘဲ ဆက်လက်ဆောင်ရွက်သင့်သည့်အဆိုဖြစ်သဖြင့် လွှတ်တော်ကသဘောတူ မှတ်တမ်းတင်အတည်ပြုသည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးက **မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် စကားရပ်များအစားထိုးခြင်း ဥပဒေအရ တစ်ဦးတည်းကို အခွင့်အာဏာပေးခြင်းထက် ကော်မတီပုံသဏ္ဍာန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်သို့တင်သွင်းခဲ့သည့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်း၊ ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းတို့နှင့်ဆက်စပ်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်၍ရမည်ကို ပြန်လည်တင်ပြရန်ဖြစ်ကြောင်း၊ ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အပေါ် မူတည်၍ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ သမဝါယမနည်းစနစ်အတိုင်းဖြည့်ဆည်းပေး ရရှိပြီးအဆင့်မှ မြို့ပြအဆင့်အထိတိုးတက်အောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်နိုင်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း (၈)ရပ်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတူ မျိုးတူ အစုအဖွဲ့များ၊ စိတ်တူကိုယ်တူ သဘောထား တူညီသူများဖြင့် သမဝါယမအသင်းများကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းရေးသည် သမဝါယမဝန်ကြီးဌာန၏ အဓိကကျသည့် လုပ်ငန်းတာဝန်ဖြစ်ပါကြောင်းဖြင့် ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ် မိုင်းနားကျေးရွာ ဓမ္မာရုံ၌ကျင်းပသည့် ကျေးရွာသမဝါယမအသင်းများ ဖွဲ့စည်းရေးအတွက် မိုင်းနားကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံပွဲတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

အခမ်းအနားတွင် ကချင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ခင်မောင်ထွန်း၊ နိုင်ငံတော် သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာ စိန်လှဗိုလ်နှင့် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများက သမဝါယမအသင်း အဖွဲ့များ၏ လိုက်နာရမည့် လုပ်ငန်းပိုင်း ဆိုင်ရာများ၊ အသင်းဖွဲ့စည်းထားသဖြင့် အသင်းဝင်များ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့်ပညာရေးတို့တွင် အများ ဆန္ဒနှင့်အညီ ကူညီထောက်ပံ့ပေးနိုင်မှု များနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကြပြီး တက်ရောက် လာကြသူများ၏ သိရှိလိုသည်များနှင့် အခက်အခဲများကို ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး သည် ဝိုင်းမော်မြို့ ဆမားခန်းမ၌ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဝိုင်းမော် မြို့နယ် ခတ်ချိုကျေးရွာ မာရ်အောင်ဓမ္မာရုံ ၌ ခတ်ချိုကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်း ကျင်ကျေးရွာအုပ်စုတို့မှ ဒေသခံတောင်သူ လယ်သမားများ၊ ကျေးရွာ ရပ်မိရပ်ဖများ နှင့်လည်းကောင်း၊ ဝိုင်းမော်မြို့နယ် မခန္တီး ကျေးရွာ အုပ်ချုပ်ရေးရုံး၌ ဒေသခံ တိုင်းရင်းသားများနှင့် လည်းကောင်း၊ ဝိုင်းမော်မြို့နယ် စန်းကာကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်း သား ကျောင်းသူများ၏ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည် ကြည့်ရှုအားပေး၍ကျောင်းခန်းမ၌ ဒေသခံ တိုင်းရင်းသားများ၊ ဆရာ ဆရာမများနှင့် လည်းကောင်းတွေ့ဆုံကာ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ပိုမိုထိရောက်မှုရှိစေရန် သမ ဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက် ရေး၊ ဒေသတည်ငြိမ်ဖွံ့ဖြိုးအောင် ဝိုင်းဝန်း ကြိုးပမ်းကြရေးနှင့် နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် နိုင်ငံတော်က အခြေခံ အဆောက်အအုံများ တိုးချဲ့တည်ဆောက် ပေးနိုင်ခဲ့ကြောင်း၊ ရရှိပြီးအဆင့်မှ မြို့ပြ အဆင့်ထိ တိုးတက်အောင် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်းတို့ကိုရှင်းလင်း ပြောကြားကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို သမဝါယမနည်းစနစ် များအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ထို့နောက် ဝိုင်းမော်မြို့နယ်အတွင်း ရှိ ဝါရှောင်ရေလွှဲဆည်နှင့် ဝိုင်းမော်မြို့ အနီးပတ်ဝန်းကျင်ဒေသများ၌ ကျေးရွာ သမဝါယမအသင်းများ ဖွဲ့စည်း ဆောင် ရွက်နိုင်မည့်အခြေအနေများကို လှည့်လည် ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့် ကချင်ပြည်နယ် မိုင်းနားကျေးရွာဓမ္မာရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄မှ

ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့်က **ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်များ အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် စက်တင်ဘာ ၁ ရက် (ကြာသပတေးနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေး မည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်း နိုင်ကြောင်း သိရှိရသည်။

ဖတ်ကြားရှင်းလင်း

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က လွှတ်တော်သို့ တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေ ကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့် အတွက် စက်တင်ဘာ ဒုတိယပတ်အတွင်း သင့်လျော်သည့်ရက်တွင် ဆွေးနွေးမည် ဖြစ်ကြောင်းနှင့်ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေဆိုင်ရာ နည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျ ဖော်ပြ၍ စက်တင်ဘာ ၂ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်း နိုင်ကြောင်း သိရှိရသည်။

ယနေ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ညနေ ၃ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး နဝမနေ့ကို စက်တင်ဘာ ၁ ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရခိုင်ကမ်းရိုးတန်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက်၉နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ စစ်ကိုင်း တိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ် တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်း ဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ် နေသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ် ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

စက်တင်ဘာ ၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ် တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ် ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** ရခိုင်ကမ်းရိုး တန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့မိုး အသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်-စုစည်းသည်

တရုတ်နိုင်ငံအရှေ့တောင်ပိုင်းသို့ နန်မာဒေါလ်မုန်တိုင်း တိုက်ခတ်

ဖူကျိ့ ဩဂုတ် ၃၁

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန်ပြည်နယ် ကျင်ကျန်းမြို့သို့ နန်မာ ဒေါလ်အမည်ရှိ မုန်တိုင်း ဩဂုတ် ၃၁ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ခန့် က ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်း ထန်စွာရွာသွန်းပြီး ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တရုတ်အရာရှိ များက ပြောကြားသည်။ **(အပေါ်ပုံ)**

၎င်းမုန်တိုင်းသည် တစ်နာရီ ၇၂ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့သဖြင့် တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ကမ်းရိုး တန်းဒေသများတွင် မုန်တိုင်းဒဏ် ကြုံ တွေ့ခံစားရပြီး ကျင်ကျန်းမြို့ ကမ်းခြေ ဒေသများတွင်လည်း မုန်တိုင်းဒဏ်ခံခဲ့ ရသည်။

နန်မာဒေါလ်မုန်တိုင်းအရှိန်ကြောင့် စက်တင်ဘာ ၂ ရက်အထိ မိုးသည်းထန် စွာဆက်လက်ရွာသွန်းနိုင်ပြီး လေပြင်း များတိုက်ခတ်နိုင်ကြောင်း၊ ကျင်ကျန်း မြို့တွင် မုန်တိုင်းဒဏ်ကြုံတွေ့ခံစားနေ ရသူများအား ကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နန်မာဒေါလ် မုန်တိုင်းသည် တရုတ်နိုင်ငံတွင် ယခုနှစ်၌ (၁၁)ကြိမ် မြောက်တိုက်ခတ်သည့် အပူပိုင်းမုန်တိုင်း ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအာကာသယာဉ်စခန်းမှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ပြန်ရောက်လာရန် နှောင့်နှေး

မော်စကို ဩဂုတ် ၃၁

ပြီးခဲ့သည့် သီတင်းပတ်က လူမပါသည့် ရုရှားအာကာသကုန်တင် ယာဉ် ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ပြီးနောက် အာကာသယာဉ်မှူးအသစ်သုံးဦး အား နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ စေလွှတ်ရေးအစီအစဉ်မှာ ပြန်လည် သုံးသပ်နေရသဖြင့် ရက်ရွှေ့ဆိုင်းခဲ့ရာ နိုင်ငံတကာအာကာသယာဉ်စခန်း၌ ရောက်ရှိ နေသော အာကာသယာဉ်မှူးသုံးဦး၏ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ရေးမှာ နှောင့်နှေးသွားရကြောင်း ရုရှားအာကာသ အေဂျင်စီက ဩဂုတ် ၃၁ ရက်၌ သတင်း ထုတ်ပြန်သည်။

ဆင်းသက်နိုင်မည်

အာကာသယာဉ်မှူးအသစ်များ **(ယာပုံ)**ကို စက်တင်ဘာ ၂၂ ရက်မှသာ အာကာသယာဉ်ဖြင့် လွှတ်တင်နိုင်မည်ဖြစ်ရာ အောက်တိုဘာလကုန်ခန့်မှသာ နိုင်ငံတကာအာကာသယာဉ်စခန်းမှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ပြန်လည် ဆင်းသက်နိုင်တော့မည်ဖြစ်သည်ဟု ၎င်းသတင်း၌ ဆက်လက်ဖော်ပြထားသည်။

စီစဉ်ထား

နိုင်ငံတကာအာကာသယာဉ်စခန်းမှာ သုတေသန ဓာတ်ခွဲခန်းတစ်ခုသဖွယ် အာကာသယာဉ်မှူးများ နေထိုင်အသုံးပြုလာသည်မှာ ဆယ်စုနှစ်ကျော်ကာလရှိနေပြီ ဖြစ်သည်။ ယခုအာကာသယာဉ်မှူးသစ်များ စေလွှတ်မှု မတိုင်မီ လူလိုက်ပါခြင်း မရှိသည့် အာကာသယာဉ်လွှတ်တင်မှု နှစ်ကြိမ်ခန့် စမ်းသပ်ပြုလုပ်ရန် စီစဉ် ထားသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ ချေချင်းညာ၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

မော်စကို ဩဂုတ် ၃၁

ရုရှားနိုင်ငံ ချေချင်းညာဒေသရှိ ဂရော့စ်ဇိုင်မြို့တွင် ဩဂုတ် ၃၀ရက်က ဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ရှစ်ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဩဂုတ် ၃၁ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပထမဗုံးခွဲတိုက်ခိုက်မှုမှာ ပွဲတော်တစ်ခုတွင် လုံခြုံရေး စောင့်ကြပ်ပေးနေသော ရဲတပ်ဖွဲ့ဝင်များအား အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အရပ်သား တစ်ဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သားအချို့ ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ဒဏ်ရာရရှိ

ဒုတိယဗုံးခွဲတိုက်ခိုက်မှုမှာ ဂရော့စ်ဇိုင်မြို့ရှိ ချေချင်းညာ ဒေသ ပါလီမန်အဆောက်အအုံမှ မီတာ ၅၀ခန့်အကွာ၌ ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ထိုသို့ ဗုံးခွဲတိုက်ခိုက်မှု ကြောင့် အရပ်သားအချို့ ဒဏ်ရာရရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်ကလည်း ချေချင်းညာဒေသတွင် ဗုံးခွဲ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ချေချင်းညာဒေသ ခေါင်းဆောင်တစ်ဦးက အဆိုပါလုပ်ရပ်သည် အဆိုးရွားဆုံး လုပ်ရပ်ဖြစ်ကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။ **(အင်တာနက်)**

1-9 (05).pmd 1 9/1/2011, 3:56 AM

● ကျောဖုံးမှ

တိုက်နယ်ဆေးရုံ တစ်ရုံ ဖွင့်လှစ်ခွင့်ရရှိပြီး ဖြစ်ပါကြောင်း၊ ပုဂံမြို့သစ်အနေဖြင့် ညောင်ဦးခရိုင်ဆေးရုံနှင့် (၈)မိုင်ခန့်သာကွာဝေးပါကြောင်း၊ (၂၅)ခုတင်ဆံ့ ပုဂံမြို့သစ်ဆေးရုံကို ကျန်းမာရေးဦးစီးဌာနမှ ၁၀-၉-၂၀၀၃ ရက်စွဲပါ စာအမှတ် ကမဘ/ဃ-၅၉၄/၈၀ ဖြင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

ယခုလက်ရှိအနေဖြင့် တာဝန်ခံဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦး၊ အထက်တန်း သူနာပြုတစ်ဦးတို့ဖြင့် ဒေသန္တရဆေးခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး လူဦးရေလွှမ်းခြုံမှု၊ လမ်းပန်းဆက်သွယ်ရေး လက်ရှိကျန်းမာရေးဌာနများခွဲဝေတည်ရှိမှု၊ ပြည်သူလူထုမှဆေးရုံကို အသုံးချမှုစသည့် အချက်များပေါ်တွင် သုံးသပ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

စီစဉ်ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်၏ **"စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင် ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သော်လည်း ဆရာဝန်၊ ဆရာမနှင့်ဝန်ထမ်းအင်အားကို တိုးချဲ့ခန့်ထားပေးခြင်း မရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ခန္တီး ခုတင်(၁၀၀)ဆံ့ဆေးရုံ၏ သူနာပြုဆရာမကြီး(Sister)ခွဲဝေ (၁၀)ဦးရှိပြီး ခန့်ထား(၅)ဦး၊ သူနာပြုဆရာမ (အနီဝတ်)ရာထူး ခွဲဝေ (၂၂)ဦးရှိပြီး ခန့်ထားအင်အား (၄)ဦး၊ လက်ထောက် ဆရာဝန်ခွဲဝေ (၁၁)ဦး၊ ခန့်ထား(၂)ဦးသာရှိပြီး အထူးကုဆရာဝန်အနေဖြင့်မူ တစ်ဦးမျှမရှိသည့်အတွက် ဒေသအတွက် အခက်အခဲရှိနေပါကြောင်း၊ ထို့ကြောင့် ဒေသအတွက် အဓိကလိုအပ်နေသည့် ကလေးအထူးကုဆရာဝန်၊ မီးယပ်သားဖွားအထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ ခွဲစိတ်အထူးကု ဆရာဝန်၊ မေ့ဆေး ဆရာဝန်အပြင် လက်ထောက်ဆရာဝန်များ အဓိကလိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ ခန္တီးခရိုင် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသည့် အထူးကုဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းအင်အားကို တိုးချဲ့ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ပြည်သူ့ဆေးရုံတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦး၊ လက်ထောက် ဆရာဝန်(ခွဲစိတ်) တစ်ဦးနှင့် လက်ထောက်ဆရာဝန် (မေ့ဆေး)တစ်ဦး လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိပါကြောင်း၊ လက်ထောက်ဆရာဝန် (မေ့ဆေး)တစ်ဦးနှင့် အထူးကုဆရာဝန် (သားဖွားမီးယပ်) တစ်ဦးကို ရာထူးတိုးမြှင့်ခန့်ထားပြီးဖြစ်ပါကြောင်း၊ လစ်လပ်လျက်ရှိသည့် အထူးကုဆရာဝန်များ (ဆေးပညာ/ကလေး/အရိုး)၊ လက်ထောက်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာဆရာဝန်တို့ကို အမြန်ဆုံးခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို၏ **"စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများ၌ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူ့ဆေးရုံများတွင် တာဝန်ခံဆရာဝန်များ ခန့်အပ်ထားပေးနိုင်ခြင်း မရှိသေးသဖြင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် အခက်အခဲကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် မည်သည့်အချိန်တွင် ဆရာဝန်များခန့်အပ်စေလွှတ်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များနှင့် မြို့နယ်ခွဲများအတွင်းရှိ ဆေးရုံများတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကလေးမြို့ပြည်သူ့ဆေးရုံကြီးနှင့် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်များကို လေးလတစ်ကြိမ် အလှည့်ကျ တာဝန်ထမ်းဆောင်စေလျက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်လွင်ဆရာဝန်များခန့်ထားရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး သစ်လွင်ဆရာဝန်များခန့်ထားသည့်အခါတွင် ဆေးရုံကြီးများမှအတွေ့အကြုံရှိသော ဆရာဝန်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များနှင့် မြို့နယ်ခွဲများတွင်ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

သိမ်းဆည်းပေးပို့

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းက **"နယ်စပ်ဒေသများမှ အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စစ်ဆေးထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုလျက်ရှိသော်လည်း တင်သွင်းမည့် နယ်စပ်ဒေသ၊ လိုင်စင်ထုတ်ပေးသည့် နေပြည်တော်၊ ထောက်ခံချက်ရယူရမည့် ရန်ကုန်စသည့် အခြေအနေများကြောင့် အချက်အလက်ပြည့်စုံရန် အချိန်ကာလကြာမြင့်လေ့ရှိပါကြောင်း၊ သွင်းကုန်လိုင်စင်ရရှိသည့်အချိန်တွင် အဆိုပါကုန်ပစ္စည်းသည် မည်သည့်ထောက်ခံချက်မျှ ရယူရန်မလိုသော မှောင်ခိုလမ်းကြောင်းဖြင့် ဈေးကွက်အတွင်းသို့ ရောက်နေတတ်ရာ တရားဝင်လမ်းကြောင်းလုပ်ကိုင်ခဲ့သူများ နစ်နာခဲ့သည့် သာဓကများစွာ ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအား နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်မည်ဆိုပါက လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအာမခံချက်ပေးနိုင်ပြီး ကုန်သွယ်မှုလမ်းကြောင်း သွက်လက်စေလိမ့်မည်ဟု ယူဆပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအား နယ်စပ်ကုန်သွယ်ရေးစခန်းများ တည်ရှိရာဒေသများတွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် နယ်စပ်ဒေသမှ ဝင်ရောက်လျက်ရှိသော အစားအသောက်နှင့် ဆေးဝါးပစ္စည်းများသည် လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး အာမခံချက်ပေးမည့် အစီအစဉ်တို့ကို သိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍မေးမြန်းရာ တရားမဝင်မှောင်ခိုလမ်းကြောင်းဖြင့် ဈေးကွက်အတွင်းသို့ဝင်ရောက်နေသော အစားအသောက်နှင့် ဆေးဝါးများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ စစ်ဆေးဖော်ထုတ် အရေးယူလျက်ရှိပါကြောင်း၊ နယ်စပ်အကောက်ခွန် (နယ်ရုံးများဌာန)ကလည်း တရားမဝင် အစားအသောက်နှင့် ဆေးဝါးများကို ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသို့ သိမ်းဆည်းပေးပို့၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် (၃)နေရာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိရာဒေသများအတွင်း အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနစိတ်ဖွင့်လှစ်ရန် အစီအစဉ်ရှိပါကြောင်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကိုလည်း ဖွဲ့စည်းပုံတိုးချဲ့ရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **"မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒုံကျေးရွာအုပ်စု၊ ဆူးတောကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ် ဆေးရုံဆောက်လုပ်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိခဲ့ပြီး ဆောက်လုပ်လျက်ရှိပါကြောင်း၊ တိုက်နယ်ဆေးရုံတွင် ပင်မဆောင်၊ ရင်ခွဲဆောင်၊ ဆရာဝန်နေအိမ်၊ (၈)ခန်းတွဲ သူနာပြုအိမ်ရာ၊ (၇)ခန်းတွဲဝန်ထမ်းအိမ်ရာ၊ (၄)လက်မစက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်၊ ရေစင်၊ မီးစက်၊ (၁၈)ပေလမ်း စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း (၁၃၀၀)ခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာလူထုအင်အားဖြင့် ငွေကျပ်သိန်း (၃၀၀)မတည်၍ စတင် ဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအခြေအနေတွင် အဆောက်အအုံ၏ ၃၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းတိုက်နယ် ဆေးရုံဆောက်လုပ်ရာတွင် ကျေးရွာပြည်သူလူထုအနေဖြင့် ဆင်းရဲနွမ်းပါးပြီး စီးပွားရေးချို့တဲ့သောကြောင့် ဆေးရုံအား ဆက်လက်ဆောက်လုပ်ရန် အခက်အခဲရှိပါသဖြင့် အဆိုပါ ဆေးရုံဆောက်လုပ်ပြီးစီးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ သင့်တင့်သောငွေကြေး မတည်ထောက်ပံ့ပေးနိုင်မည့် အခြေအနေအား သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများအသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးဆေးရုံများအား လုပ်ငန်းလိုအပ်ချက်အရ ခုတင်အဆင့်တိုးမြှင့်ခြင်း၊ အထူးကုဌာနများဖွင့်လှစ်ခြင်းနှင့် ဆေးရုံများတွင် စံကိုက်ဖွဲ့စည်းပုံ ဝန်ထမ်းအင်အားရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံများဆောက်လုပ်ရာတွင် နိုင်ငံတော်မှခွင့်ပြုဘတ်ဂျက်အရ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း တည်ဆောက်ပေးလျက်ရှိရာ ဆူးတောကျေးရွာတိုက်နယ်ဆေးရုံအား ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်သည့်အတွက် နိုင်ငံတော်မှ ခွင့်ပြုဘတ်ဂျက်အခြေအနေအပေါ်မူတည်၍ ယင်းတိုက်နယ်ဆေးရုံ တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင်က **"မောင်တောမြို့ပေါ်ရှိ လက်ရှိ ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ကို တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးမြန်းရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများအသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးဆေးရုံများအား လုပ်ငန်းလိုအပ်ချက်အရ ခုတင်အဆင့်တိုးမြှင့်ခြင်း၊ အထူးကုဌာနများဖွင့်လှစ်ခြင်းနှင့် ဆေးရုံများတွင် စံကိုက်ဖွဲ့စည်းပုံ ဝန်ထမ်းအင်အားရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံများတိုးချဲ့ဆောက်လုပ်ရာတွင် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်မှခွင့်ပြုဘတ်ဂျက်ဖြင့် တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ မောင်တောဆေးရုံကိုလည်း ဦးစားပေးအစီအစဉ်အတိုင်း ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှဦးနုက ပညာရေးဆိုင်ရာ မေးခွန်းသုံးခုကို မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

တိုင်းတာသတ်မှတ်

ရှေးဦးစွာ **"အခြေခံပညာကဏ္ဍတွင် အခြေခံပညာ (၁၁)နှစ်ခရီး ပညာသင်ယူနေကြရသည့် ကလေးများအား ပညာသင်နှစ်ကုန်ဆုံးသည့် (၁၁)နှစ်မြောက် Grade 11 ရောက်မှ နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပပြီး အရည်အချင်းစစ်ဆေး၊ အတန်းတင်ပေးသည့်စနစ် ကျင့်သုံးလျက်ရှိပါကြောင်း၊ မူလတန်းနှင့်အလယ်တန်းအဆင့်တွင် ပညာသင်ယူနေကြသည့် ကလေးများကိုမူ တတ်အောင်သင် အောင်အောင်စစ် ဟူသောမူဖြင့် ကျောင်းတွင်းစစ်စာမေးပွဲများ ကျင်းပစစ်ဆေးကာ အလွယ်တကူ အတန်းတင်ပေးခွင့်၊ အတန်းတက်ခွင့်များရရှိနေကြသဖြင့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများ လျော့ပါးလာကာ အဆင့်အလိုက်အရည်အချင်း၊ အရည်အသွေး၊ ပြည့်မီခြင်း ရှိ/မရှိ စဉ်းစားရန်ရှိလာပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများမှာ (၁၁)နှစ်ကြာ Grade 11 ရောက်မှ နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုစေကာ ဘဝတံတိုင်းကြီးကို ခက်ခက်ခဲခဲ ခုန်ကျော်နိုင်ရန် ကြိုးပမ်းနေကြရသည်မှာ သင့်/မသင့် ပြန်လည်စဉ်းစားရန်ရှိလာပါကြောင်း၊ စာမေးပွဲစနစ်ကို မလွဲမရှောင်သာ လက်ခံကျင့်သုံးနေရစဉ်တွင် ရှေးယခင်ကပင်ရှိခဲ့သည့် စနစ်များနည်းတူ အခြေခံပညာမူလတန်းအဆင့်ပြီးဆုံးသည့် Grade 5 စာမေးပွဲကို မြို့နယ်စာစစ်ဘုတ်အဖွဲ့ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည့် Grade 9 စာမေးပွဲကို တိုင်းဒေသကြီး/ ပြည်နယ် စာစစ်ဘုတ်အဖွဲ့ဖြင့်လည်းကောင်း၊ အရည်အချင်း၊ အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် အခြေခံပညာအဆင့်တစ်ခု၏ နောက်ဆုံး အတန်းပြီးဆုံးချိန်တွင် စာမေးပွဲစစ်ဆေး၍ ပညာအရည်အချင်းကို တိုင်းတာသတ်မှတ်လေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယခင်က မူလတန်းအဆင့် စတုတ္ထတန်း ပြီးဆုံးချိန်တွင် မြို့နယ်စာစစ်ဘုတ် အဖွဲ့ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် အဋ္ဌမတန်းပြီးဆုံးချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် စာစစ်ဘုတ်အဖွဲ့ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ဒသမတန်းပြီးဆုံးချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့နှင့် တက္ကသိုလ်များ ပူးပေါင်း၍လည်းကောင်း စာမေးပွဲများကျင်းပ၍ စစ်ဆေးခဲ့ပါကြောင်း။

ထိုစဉ်က စာမေးပွဲစနစ် အလွန်အကျွံလွှမ်းမိုးမှုကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းထွက်နှုန်းနှင့် အတန်းကျနှုန်းများ မြင့်မားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်း ပိုမိုတိုးတက်ရရှိရေးအတွက် မူလတန်းအဆင့် မြို့နယ်စာစစ်ဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်းကို ၁၉၇၂ခုနှစ်မှစ၍လည်းကောင်း၊ အလယ်တန်းအဆင့် တိုင်းဒေသကြီး/ပြည်နယ် စာစစ်ဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်းကို ၁၉၈၂ ခုနှစ်မှစ၍လည်းကောင်း ရပ်ဆိုင်းခဲ့ပြီး သက်ဆိုင်ရာကျောင်းအလိုက် စစ်ဆေးခွင့်ပြုခဲ့ပါကြောင်း။

အခြေခံပညာကျောင်းများ အစီအစဉ်ဖြင့် စာမေးပွဲမေးခွန်းပြုစုခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အဖြေလွှာများကို မိမိတို့ကျောင်းများမှာပင် စစ်ဆေးဆောင်ရွက်နိုင်ခြင်းဖြင့် ဆရာ၊ ဆရာမများအတွက် နွေရာသီအားလပ်ရက်များ အပြည့်အဝရရှိခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့်မြို့နယ်ပညာရေးမှူးရုံးများအနေဖြင့်လည်း စာမေးပွဲစစ်ဆေးရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ လျော့နည်းသွားပြီး ဆက်လက်ဆောင်ရွက်ရမည့် ပညာရေးစီမံကိန်းလုပ်ငန်းများတွင် ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဝေဖန်ပြောဆို

သို့ရာတွင် မူလတန်းအဆင့် စတုတ္ထတန်းအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများသည် နီးစပ်ရာ အလယ်တန်း/အထက်တန်းအဆင့်သင်ကျောင်းများသို့ ကူးပြောင်းတက်ရောက်ရာတွင် လက်ခံသင်ကြားရသည့်ကျောင်းများရှိ ဆရာ၊ ဆရာမများက အဆိုပါကျောင်းပြောင်းလာသည့် ကလေးများသည် သင်ယူတတ်မြောက်မှုအဆင့် နိမ့်ကျနေကြောင်း ဝေဖန်ပြောဆိုမှုများရှိလာပါကြောင်း။

အခြေခံပညာကျောင်းအလိုက် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ပညာရည်စစ်ဆေးတိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုထားသဖြင့် ဘာသာရပ်အလိုက် လပိုင်းမာတိကာနှင့်အညီ အပြည့်အဝ သင်ကြားရေးအပိုင်းတွင် ဆရာ၊ ဆရာမများ၏ စွမ်းအားစိုက်ထုတ်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်များကို တိုးတက်လာရေးအတွက်၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် ပြောင်းလဲသင်ကြားပေးနိုင်ရန် ကုလသမဂ္ဂဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများရရှိခဲ့သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း မူလတန်းပြ ဆရာ၊ ဆရာမများအားလုံးကို လေ့ကျင့်သင်တန်းပေးနိုင်ရန် စီမံဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းရည်မြင့်မားရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေး၊ အတန်းစဉ်တက်ရောက်သင်ယူခွင့်ရရှိရေးတို့အတွက် အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့၏ နောက်ဆုံးအတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ဆောင်ရွက်နိုင်မည့် ပညာရည်စစ်ဆေးတိုင်းတာရေး အစီအစဉ်ကို ပြန်လည်စိစစ်သုံးသပ်ဆဲဖြစ်ပါကြောင်းနှင့် နိုင်ငံတော်ပဉ္စမကာလတို (၅)နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းပါကြောင်းဖြင့် ဖြေကြားသည်။

တာဝန်ထမ်းဆောင်

"ယနေ့အခြေခံပညာကျောင်းများတွင် အမိအဖနှင့်တူသည့် ဆရာ၊ ဆရာမများ ပြည့်ပြည့်စုံစုံ ရှိနေသင့်သော်လည်း ဆရာမချည်းသာရှိ၍ အမျိုးသားဆရာလုံးဝမရှိသော ကျောင်းအရေအတွက် တစ်နေ့တခြား တိုးပွားများပြားလာနေသည်ကိုတွေ့နေရသဖြင့် ကျောင်းသား၊ ကျောင်းသူတို့၏ ကျောင်းနေဘဝတွင် မေတ္တာကွက်လပ် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တစ်ရပ်ဖြစ်နေသည် သာမက အဆိုပါကျောင်း၏ သင်ကြားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဖွံ့ဖြိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး စသည်တို့တွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အားနည်းစေခဲ့ပါကြောင်း၊ သို့ပါ၍ အမျိုးသား ကျောင်းဆရာများ ပညာရေးလောကတွင် တစ်နေ့တခြားလျော့ပါးလာနေခြင်းအကြောင်းရင်းကို ပြန်လည်သုံးသပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းသစ်များ ညှိနှိုင်းရှာဖွေကာ အမြန်အကောင်အထည်ဖော်ပေးသင့်ပါကြောင်း၊ သို့ပါ၍ အမျိုးသား ကျောင်းဆရာများ အခြေခံပညာနယ်ပယ်တွင် မျိုးဆက်မပြတ်ရေးအတွက် ထူးခြားသောအခွင့်အလမ်းအစီအမံများ ဆောင်ရွက်ပေးခြင်းဖြင့် စိတ်ပါဝင်စားစွာ အလွယ်တကူဝင်ရောက်လာနိုင်ရန် လမ်းဖွင့်ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနတစ်ခုလုံး၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဝန်ထမ်း စုစုပေါင်းအင်အားတွင် အမျိုးသားပါဝင်မှုနှုန်းမှာ ၂၃ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခြေခံပညာ ဦးစီးဌာနများတွင် ၂၀၁၁ ခုနှစ် မတ်လအင်အားစာရင်းအရ သင်ကြားရေး ဆရာ၊ ဆရာမ အင်အား ၂၇၃၀၀၀ အနက်၊ အမျိုးသားအင်အား ၄၈၀၀၀ ကျော်ရှိသဖြင့် အမျိုးသားဆရာ ၁၇ဒသမ၇ ရာခိုင်နှုန်းသာရှိပါကြောင်း၊ ကျောင်း/ရုံး ဝန်ထမ်းအင်အား ၄၅၀၀၀ ကျော်အနက် အမျိုးသားအင်အား ၂၄၆၀၀ကျော်ရှိသဖြင့် အမျိုးသားပါဝင်မှု ၅၄ဒသမ၅ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ အခြေခံ ပညာရေးဝန်ထမ်းဦးရေ စုစုပေါင်း ၃ဒသမ၁၈ သိန်းကျော်တွင် အမျိုးသား ၂၃ ရာခိုင်နှုန်းခန့် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် မေးမြန်းစဉ်။ (သတင်းစဉ်)

အခြေခံပညာ ကျောင်းများတွင် အမျိုးသားဆရာဦးရေ တိုးတက်ခန့်ထားနိုင်ရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများသို့ အမျိုးသားဦးရေ ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခေါ်ယူခဲ့သော်လည်း အမှန်တကယ်ရောက်နိုင်သည့် ဦးရေမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက်ရောက်ရသည့်သင်တန်းတွင် အမျိုးသား ၂၂ ရာခိုင်နှုန်းခန့် တက်ရောက်နိုင်ပြီး ဘွဲ့ရများ တက်ရောက်ရသည့်သင်တန်းတွင် အမျိုးသား ၇ ရာခိုင်နှုန်းခန့်သာ တက်ရောက်နိုင်ပါကြောင်း။

အမျိုးသားဆရာများကို ပိုမိုလေ့ကျင့် မွေးထုတ်ပေးနိုင်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမျိုးသားများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကို (၂၆၀) မှတ်အထိ ဆင်း၍လည်းကောင်း၊ ဘွဲ့ရများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစစ်ဆေးရာတွင် အမျိုးသားများ၏ရမှတ်ကို လျှော့ပေါ့၍လည်းကောင်း ရွေးချယ်ခဲ့ပါကြောင်း၊ လျှောက်လွှာတင်သွင်းသည့် အမျိုးသားဦးရေလည်း နည်းပါးပါကြောင်း။

ယင်းတို့နေထိုင်ရာ ဒေသမှာပင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ ခရိုင်အလိုက် တက်ရောက်ရမည့် ကျား/မ သင်တန်းသားဦးရေကို လျာထားသတ်မှတ်ပေးခဲ့သော်လည်း အချို့သောတိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝင်ခွင့်အရည်အချင်း ပြည့်မီသည့် အမျိုးသားဦးရေပိုနေပါက အမျိုးသားဦးရေလျော့နည်းနေသည့် တိုင်းဒေသကြီး/ပြည်နယ် အင်အားဖြင့် တက်ရောက်ခွင့်ပြုထားပါကြောင်း။

နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အမျိုးသားအင်အားမှာ ၄၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်သာရှိနေခြင်း၊ အမျိုးသားအများစုသည် တပ်မတော်နှင့် ရဲတပ်ဖွဲ့များသို့ ဝင်ရောက်သွားခြင်း၊ သူနာပြုတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်သင်တန်းများမှအပ ကျန်အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များအနေဖြင့်လည်း အမျိုးသားဦးရေကို ပိုမိုတိုးမြှင့်ခေါ်ယူခြင်း၊ မိဘများ၏ ပင်မစီးပွားရေးလုပ်ငန်းတွင် အမျိုးသားအများစုက ဦးဆောင်တာဝန်ယူရခြင်း၊ ပညာတတ်အမျိုးသမီးအင်အား တိုးတက်လာခြင်းတို့ကြောင့် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်လိုသည့် အမျိုးသားများ လျော့နည်းရခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

အခြေခံပညာကဏ္ဍတွင် ဝန်ထမ်းအင်အား ၃. ၁၈ သိန်းကျော်ရှိနေသော်လည်း အရာထမ်းဦးရေမှာ ၁၆၀၀ ခန့်သာရှိသဖြင့် အရာထမ်းနှင့်အမှုထမ်းအချိုးမှာ ၁း၂၀၀ ဖြစ်ပါကြောင်း၊ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ရာထူးစဉ်အလိုက် အဆင့်တစ်ခုမှတစ်ခုသို့ တိုးမြှင့်ရန်ကာလရှည်ကြာလွန်းခြင်း၊ မူလတန်းပြ၊ အလယ်တန်းပြမှ ရာထူးအဆင့်ဆင့် တိုးမြှင့်ရာတွင် ဆရာ၊ ဆရာမ အချို့သာ အသက် ၅၀ နှစ်ခန့်တွင် အရာရှိငယ် (အထက်တန်းကျောင်းအုပ်)ရာထူးသို့ ရောက်ရှိနိုင်ခြင်း၊ ဆရာ၊ ဆရာမ အများစုမှာ အလယ်တန်းပြ (စာရေးအဆင့်-၂) အဆင့်၊ အထက်တန်းပြ (ဌာနခွဲစာရေး) အဆင့်ဖြင့် ပင်စင်ယူရခြင်း၊ ရာထူးအဆင့်ဆင့်တိုးမြှင့်ပေးသော်လည်း မြို့နယ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံးများရှိ ရာထူးအများစုမှာ လစာနှုန်းတူ ဖြစ်နေခြင်း စသည့်အချက်များသည် အမျိုးသားများအား ဆရာဘဝသို့ ဝင်ရောက်ရန် အဟန့်အတား ဖြစ်စေပါကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၇၀ ခုနှစ်မတိုင်မီက ပညာအရည်အချင်း မြင့်မားသည့် အမျိုးသမီးဦးရေ နည်းပါးသဖြင့် အမျိုးသားဆရာဦးရေ မြင့်မားခဲ့ပါကြောင်း၊ လက်ရှိအခြေအနေအရ အမျိုးသမီး ဆရာမဦးရေ များစွာတိုးတက်လာသဖြင့် မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်မားလာပြီဟု သတ်မှတ်နိုင်ပါကြောင်း၊သို့ရာတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ဖခင်နှင့်တူသော ဆရာဦးရေ လျော့နည်းသွားသည့် အားနည်းချက် ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါကြောင်း။ *စာမျက်နှာ ၇ ကော်လံ ၁*

စာမျက်နှာ ၆ မှ

အမျိုးသားဆရာအင်အား ပိုမိုတိုးတက်လာရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ် သင်တန်းသားရွေးချယ်ရာတွင် အမျိုးသားများအတွက် အရည်အချင်း လျှော့ပေါ့ရွေးချယ်ခြင်း၊ လစာနှုန်းတူ ဝန်ထမ်းရာထူးများအနက် အချို့ကို တစ်ဆင့်မြင့် လစာခံစားရသည့် ရာထူးများအဖြစ် တိုးမြှင့် သတ်မှတ်ပေးခြင်း၊ အချိန်ပိုသင်ကြားမှု များအတွက် အချိန်ပိုကြေးခွင့်ပြုပေးခြင်း၊ ထူးခြားစွာစွမ်းဆောင်နိုင်သည့် အမျိုးသား ဆရာများအား တစ်ဆင့်မြင့်ရာထူးသို့ ဦးစားပေးတိုးမြှင့်ပေးခြင်း၊ လက်ရှိလစာအပြင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အစီအစဉ်ဖြင့် ထပ်ဆောင်းထောက်ပံ့ပေးခြင်းဖြင့် အမျိုးသားဆရာများ ပိုမိုရရှိလာနိုင်ပါကြောင်း။

လစာတိုးမြှင့်ပေးသင့်သည့်ရာထူးများ သတ်မှတ်ရေး၊ အချိန်ပိုခံစားခွင့်ပြုရေး အစီအစဉ်များမှာ နိုင်ငံတော်၏ဘဏ္ဍာငွေ ပိုမိုကျခံရမည့်လုပ်ငန်းများဖြစ်ပြီး ရာထူး အလိုက် လစာနှုန်းထား သတ်မှတ်မှုနှင့် ပိုမိုကုန်ကျနိုင်သည့်ဘဏ္ဍာငွေတို့ကို ပြန်လည် စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ရယူဆောင်ရွက်ရန်လိုအပ်သဖြင့် စတင်ဆောင်ရွက်မည့် ပညာသင်နှစ်ကို ဖြေကြားနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

“အခြေခံပညာနယ်ပယ်တွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်ဟူ၍ အဆင့်သုံးဆင့်ရှိသည့်နည်းတူ ပညာသင်ကြားပို့ချပေးနေသည့် ဆရာ၊ ဆရာမများကို လည်း မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာနှင့် အထက်တန်းပြဆရာ (ပညာရှင် ၁၊၂၊ ၃)ဟူ၍ အဆင့်သုံးဆင့် သတ်မှတ်ထားရှိကာ ပညာသင်ကြားရေးတွင် ဖွဲ့စည်းအကောင် အထည်ဖော်လျက်ရှိပါကြောင်း၊ အခြေခံပညာမူလတန်းအဆင့် ပညာရေးနယ်ပယ်(Grade1 မှ Grade 5) တွင် (မူ၊လယ်၊ထက်)(ပညာရှင် ၁၊၂၊ ၃)ဆရာ၊ ဆရာမများ ထားရှိနိုင်ရေး ခန့်ထားပေးရန် အစီအစဉ်၊ အခြေခံပညာအလယ်တန်းအဆင့် ပညာရေးနယ်ပယ်(Grade 6 မှ Grade 9)တွင် (လယ်၊ထက်) (ပညာရှင် ၂၊ ၃) ဆရာ၊ ဆရာမများ ထားရှိနိုင်ရေး ခန့်ထားပေးရန် အစီအစဉ်၊ အခြေခံပညာ အထက်တန်းဆင့် ပညာရေးနယ်ပယ်မှ အထက်တန်းပြဆရာ၊ ဆရာမများ (ပညာရှင် ၃)အား အထက်တန်းအဆင့် ပညာရေး နယ်ပယ်တွင် သာမက အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ပညာရေးနယ်ပယ်(Grade 1 မှ Grade 11) များတွင်ပါ ဆန္ဒအလျောက် အားဖြည့်ပြောင်းရွှေ့ သင်ကြားပေးနိုင်ရေး အတွက် ခန့်ထားပေးရန် အစီအစဉ်များ ရှိ/မရှိ နှင့်ရှိပါက မည်သည့်ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း” မေးခွန်းနှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍတွင် သင်ကြားရေးရာထူးများအဖြစ် မူလတန်းပြ (ပညာရှင်အဆင့်-၁)၊ အလယ်တန်းပြ (ပညာရှင်အဆင့်-၂)နှင့် အထက်တန်းပြ (ပညာရှင် အဆင့်-၃) ဟူ၍ သတ်မှတ်ပေးထားပါကြောင်း၊ ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာလက်မှတ် ရရှိပြီး လက်ရှိရာထူးလုပ်သက်ကြီးစဉ်အရ၊ ဆန္ဒပြုမြို့နယ် ကျောင်းများတွင် လစ်လပ်နေသည့် တစ်ဆင့်မြင့် အလယ်တန်းပြ၊ အထက်တန်းပြရာထူး သို့ တိုးမြှင့်ခန့်ထားပေးပါကြောင်း၊ မူလတန်းပြများအနက် ဘွဲ့ရပြီး ဆရာအတတ်ပညာ လက်မှတ်ရရှိသူဖြစ်ပါက မူလတန်းသင် အလယ်တန်းပြ သို့မဟုတ် အလယ်တန်းပြအဖြစ် ခန့်အပ်ပေးပါကြောင်း။

မြန်မာနိုင်ငံ၏ အခြေခံပညာရေးကဏ္ဍတွင် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း)အဆင့်အလိုက် သင်ကြားပေးနိုင်ရန် ဆရာ၊ ဆရာမများကို သက်ဆိုင်ရာသင်တန်းများပေးပြီး သင်တန်းပြီးဆုံးပါက နေရာလစ်လပ်မှုအပေါ် မူတည်၍ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်းပြ ဆရာများအဖြစ် ခန့်ထားပေးလျက်ရှိပါကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် အလယ်တန်းပြအဖြစ် ရာထူး တိုးမြှင့်ခံရသည့် မူလတန်းပြသည် အလယ်တန်းအဆင့် ဘာသာရပ်များကို ပြောင်းလဲ သင်ကြားရပါကြောင်း၊ ထို့အတူ အထက်တန်းပြရာထူးတိုးမြှင့်ခံရသည့် အလယ်တန်းပြ သည်လည်း အထက်တန်းအဆင့် ဘာသာရပ်များကို ပြောင်းလဲသင်ကြားရပါကြောင်း။

အစီအစဉ်မရှိ

အခြေခံပညာ မူလတန်းအဆင့်တွင် မူလတန်း (ပညာရှင်အဆင့်-၁)နှင့် အလယ်တန်းပြ (မူလတန်းသင်တာဝန်) (ပညာရှင်အဆင့်-၂)များ ခန့်ထားပါကြောင်း၊ အထက်တန်းပြ (ပညာရှင်အဆင့်-၃)များ မူလတန်းကျောင်းတွင် ခန့်ထားရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် အလယ်တန်းပြ (ပညာရှင်အဆင့်-၂)များ ခန့်ထားပါကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် အထက်တန်းပြ (ပညာရှင်အဆင့်-၃)များ ခန့်ထားပါကြောင်း၊ ပညာရှင်အဆင့်-၃ (အထက်တန်းပြ)များအား မူလတန်းနှင့်အလယ်တန်းတွင် ဆင်း၍သင်ကြားပေးနိုင်မည့် အစီအစဉ်လောလောဆယ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း တင်သွင်းထားသည့် **“အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေ လဲလှယ် နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေက ဆွေးနွေးရာတွင် ငွေလဲလှယ်နှုန်းသတ်မှတ်ပါက မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ကြမည့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ၏ ငွေကြေးအပေါ် စိတ်ချယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ အမေရိကန်တစ်ဒေါ်လာ၏ ပြင်ပပေါက်ဈေးမှာ ၁၉၉၆-၉၇ ခုနှစ်များတွင် ကျပ် (၂၀၀)ပင် မပြည့်သော်လည်း တစ်နှစ်ထက်တစ်နှစ် ဈေးတက်လာပြီး ယမန်နှစ်က ကျပ် (၁၃၀၀) ခန့်အထိ မြင့်တက်ခဲ့ပါကြောင်း၊ ယခုမှ ဈေးပြန်ကျလာခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရ အဆက်ဆက်က ငွေတန်ဖိုးသတ်မှတ်ရန် ကြိုးစားခဲ့သော်လည်း IMF အဖွဲ့၏ ထောက်ခံချက်မရ၍ မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု IMFမှ အကူအညီများ ပေးလာပြီဖြစ်၍ ပြင်ဆင်သတ်မှတ်နိုင်တော့မည်ဖြစ်ကြောင်း၊ စီးပွားရေး၏ အသက်သွေး ဖြစ်သည့် ငွေလဲနှုန်းကိုသတ်မှတ်ရန်လိုအပ်မည်ဟု ယူဆပါကြောင်းဖြင့် အဆိုကို ထောက်ခံ ဆွေးနွေးသည်။

ဈေးကွက်စီးပွားရေး

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဂျေယောဝူက ဆွေးနွေးရာတွင် နိုင်ငံတကာနှင့်စီးပွားကုန်သွယ်မှု တည်ရှိနေသမျှကာလပတ်လုံး အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်ရသည့်အကြောင်းကိစ္စရှိနေမည်ဖြစ်ပါ ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)လဲလှယ်နှုန်းသည် ၁၉၆၀ ပြည့်နှစ်မှ စတင်၍ အမေရိကန်တစ်ဒေါ်လာကို မြန်မာငွေ ခြောက်ကျပ်နှုန်း သတ်မှတ် ထားရှိခဲ့သည်မှာ ယခုဆိုလျှင် နှစ်(၅၀)ကျော်ကြာခဲ့ပြီဖြစ်၍ ယနေ့ခေတ် အခြေအနေနှင့် သဟဇာတမဖြစ်တော့ဘဲ စီးပွားကုန်သွယ်မှုမှာ ကမောက်ကမဖြစ်ပေါ်လျက် ရှိပါ ကြောင်း၊ စီးပွားရေးအင်အားတောင့်တင်းအောင် ဆောင်ရွက်ရေးမှာ စီးပွားရေးကဏ္ဍ တစ်ရပ်လုံးချောမွေ့စွာ လည်ပတ်နိုင်ရန် ပဓာနဟုထင်မြင်ပါကြောင်း၊ စီးပွားရေးကဏ္ဍ ချောမွေ့စွာ လည်ပတ်နိုင်ရန်ဆိုလျှင် ကမ္ဘာ့နိုင်ငံများနှင့်စီးပွားကုန်သွယ်ရာ၌ ကမ္ဘာ့နိုင်ငံ များ၏ငွေလဲနှုန်းနှင့် လွန်စွာမကွာဟရန် လိုအပ်မည်ဟုယူဆပါကြောင်း၊ နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်သည့်အတွက် အဓိကပြုပြင်ပြောင်းလဲမှု ပြုလုပ်ပေးရမည်မှာ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြင်ဆင်သတ်မှတ်ရေးပင် ဖြစ်ပါကြောင်း နှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က ဆွေးနွေးရာ၌ နိုင်ငံတော်တွင် လောလောဆယ်ဖြစ်ပေါ်နေသော ငွေလဲလှယ်နှုန်းပြဿနာများသည် နိုင်ငံ၏ငွေလဲလှယ်နှုန်းစနစ်ကို ပြုပြင်ပြောင်းလဲရန် အခွင့်ကောင်း၊ အချိန်အခါကောင်းကို ရောက်ရှိနေကြောင်းကို ညွှန်ပြနေပါကြောင်း၊ ထိုအခွင့်အခါကောင်းကို အရယူ၍ နိုင်ငံတကာစံချိန်စံညွှန်းမီသည့် နိုင်ငံခြားငွေ ဈေးကွက်တစ်ခု တည်ထောင်ရန် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ထိုဈေးကွက်ကပင် အသင့်အတင့်တည်ငြိမ်သော ငွေလဲလှယ်နှုန်းကို ညွှန်ပြပေးသွားမှာဖြစ်ပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေလဲလှယ် နှုန်းကို စီးပွားရေး စီမံခန့်ခွဲမှုတွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးကို ကြိုတင် ပြင်ဆင်ထားရန်လိုအပ်ပါကြောင်း၊ ငွေလဲလှယ်နှုန်းကို အချိန်ကိုက်ပြင်ဆင်ရန်လိုအပ်ပြီး ရှုပ်ထွေးခက်ခဲလှသော နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် ကြုံတွေ့လာနိုင်သည့်အတွက် အတွေ့အကြုံများစွာရှိသော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ နည်းပညာ အကူအညီတောင်းခံထားပြီးဖြစ်သည်ဟု ကြားသိရပါသဖြင့် ဝမ်းမြောက်စွာကြိုဆိုအပ်ပါ ကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ဆွေးနွေးရာ တွင် ငွေလဲလှယ်နှုန်းကို အသေသတ်မှတ်ရန် မသင့်လျော်ကြောင်း၊ နိုင်ငံတကာတွင်

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ခင်ရွှေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ငွေတန်ဖိုးကို အချိန်အခါပေါက်ဈေးဖြင့်သာ လဲလှယ်ကြပြီး ဈေးနှုန်းကိုမျှောထားသည့် လဲလှယ်နှုန်း (Floating Value Exchange) စနစ်ကို ကျင့်သုံးကြပါကြောင်း၊ ဈေးနှုန်းအပြောင်းအလဲများ၍ စီးပွားရေးထိခိုက်လျှင် သင့်တင့်သည့်ဈေးနှုန်းရရှိရန်၊ တည်ငြိမ်ရန် အစိုးရက ဝိုင်းထိန်းပေးရပါကြောင်း၊ IMFနှင့် ဆက်သွယ်ပြီး ကျပ်ငွေတန်ဖိုးခိုင်မာလာလျှင်၊ ဘဏ်ကလည်းဝန်ဆောင်မှုကောင်းပြီး စရိတ်နည်းလျှင်၊ အစိုးရ၏ ဥပဒေနှင့် ဝန်ထမ်းတို့ မှန်မှန်ကန်ကန်ရှိလျှင်၊ အရေအတွက်သန်းနှင့်ချီသည့် ပြည်ပတွင် အလုပ်လုပ်နေသည့် အလုပ်သမားများငွေပို့ကြလျှင် နိုင်ငံခြားဝင်ငွေ ဒေါ်လာ ဘီလျံနှင့်ချီပြီး ဝင်ရောက်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ကျပ်ငွေလဲလှယ်နှုန်း ပြင်ဆင် သတ်မှတ်ရန်အစား ပေါက်ဈေးစနစ် (Floating Value)ကိုသာ ထားရန်သင့်သည်ဟု အဆိုကိုပြင်ဆင်ရန် အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်း သန်းက နိုင်ငံတော်၏ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်အတွက် နိုင်ငံတော်မှ ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)နှင့် ငွေကြေးမူဝါဒ (Monetary Policy)တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးမူဝါဒဖြင့် နိုင်ငံတော်၏ရငွေသုံးငွေ များကို နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားစေရန်ရှေးရှုပြီး နှစ်စဉ်ချိန်ဆဆောင်ရွက်ခဲ့ပါ ကြောင်း၊ တစ်ဖက်မှလည်း ငွေကြေးမူဝါဒဖြင့် ပြည်တွင်းသုံးကျပ်ငွေ၏တန်ဖိုးကို ခိုင်ခံ့ တည်မြဲစေရန်အတွက် ပြည်တွင်းကုန်ဈေးနှုန်းများ တည်ငြိမ်စေရေး၊ နိုင်ငံခြား ငွေပေး ငွေယူရှင်းတမ်း အခြေအနေ ရှင်သန်ကောင်းမွန်ရေး၊ ချေးငွေပမာဏ၊ ငွေကြေး ပမာဏနှင့် အတိုးနှုန်းများ စသည်တို့ကို အစီအစဉ်တကျနှင့် ဟန်ချက်ညီညီရှိနေစေရေး တို့ကို ဆောင်ရွက်ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးနှင့်ဆိုင် သော လုပ်ငန်းများဖြစ်သဖြင့် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ နိုင်ငံတော်အတွင်း ထိရောက်သော ငွေပေးချေမှုစနစ်၊ ငွေကြေးလွှယ်ကူမှု၊ ကြွေးမြီပေးဆပ်နိုင်မှု၊ အခြေခံသောငွေရေး ကြေးရေးစနစ်၏ နည်းလမ်းတကျ ဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်လျက်ရှိပါကြောင်း။

ကာကွယ်နိုင်ခဲ့

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒတို့ကို ထိရောက်စွာ အကောင် အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်အတွင်း ဘဏ်စနစ်နှင့် ငွေရေးကြေးရေး အခြေအနေများတည်ငြိမ်ခိုင်မာမှုကို ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ် ကမ္ဘာ့ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားချိန်တွင် နိုင်ငံတော်သို့ ကြီးမားသော ထိခိုက်မှုမျိုး မဖြစ်အောင် ကာကွယ်နိုင်ခဲ့ပါကြောင်း။

သို့ရာတွင် ၂၀၀၈ ခုနှစ် အမေရိကန်ပြည်ထောင်စုမှစတင်ခဲ့သော ကမ္ဘာ့ ငွေရေး ကြေးရေး အကျပ်အတည်းဖြစ်ပေါ်ပြီးနောက် ယနေ့အချိန်အထိ ကမ္ဘာတစ်ခုလုံး၏ စီးပွားရေးနှင့် ငွေရေးကြေးရေး အခြေအနေများမှာ တည်ငြိမ်မှုရရှိရန် ကြိုးပမ်းနေဆဲ ဖြစ်ကြောင်းနှင့် စီးပွားရေးပြန်လည်နာလန်ထူလာစေရန် ကြိုးပမ်းနေရဆဲဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာသုံးငွေကြေးဖြစ်သော အမေရိကန်ဒေါ်လာ၏ ဆက်တိုက်အားပျော့နေမှုကြောင့် မြန်မာကျပ်ငွေနှင့် ဖလှယ်နှုန်းအပေါ်တွင်လည်း ယခုအခါ ပိုမိုထိခိုက်လာကြောင်းကို တွေ့ရှိရပါကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် အစိုးရမှ တရားဝင်သတ်မှတ်ထားသော နိုင်ငံခြား ငွေလဲလှယ်နှုန်း၊ အပြင်ဈေးကွက်တွင်ဖြစ်ပေါ်နေသော နိုင်ငံခြားငွေလဲလှယ်နှုန်း၊ နိုင်ငံခြားငွေလက်မှတ် (FEC) ငွေလဲလှယ်နှုန်း၊ ဟွန်ဒီငွေလဲလှယ်နှုန်း၊ Earning ငွေလဲလှယ်နှုန်း၊ Account Transfer ငွေလဲလှယ်နှုန်းတို့ဖြင့် ငွေလဲလှယ်နှုန်း အမျိုးမျိုး ဖြစ်ပေါ်လျက်ရှိနေခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှုပ်ထွေးမှု နှင့် အဆင်မပြေမှုများကို ဖြစ်ပေါ်စေပါကြောင်း၊ ထိုအခြေအနေများကို ကုစားရန် အတွက် တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းအား သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေး လုပ်ဆောင်ရန်အတွက် လိုအပ်သည့် လေ့လာပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းခြင်း (Exchange Rate Unification) ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့်ပူးပေါင်းပြီး ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

Exchange Rate သည် နိုင်ငံ၏ Monetary Policy တွင် အရေးကြီးသော ကိရိယာတစ်ခုဖြစ်သဖြင့် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ရေးအတွက် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး၊ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေကျပ်လဲလှယ်နှုန်း၊ နယ်စပ်ဒေသ ငွေလဲလှယ်နှုန်း များကိုသာကြည့်ပြီး သင့်လျော်သော ဖလှယ်နှုန်းသတ်မှတ်ခြင်းသည် ပြီးပြည့်စုံမှာ မဟုတ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲသတ်မှတ်မှုကို လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်ဖြင့်ဆောင်ရွက်ပါက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ အခြေအနေများ အပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုများရှိနိုင်သည်ကို သတိပြုရန်လိုပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းသည် နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုအခြေအနေ(GDP)၊ ပြည်ပကုန်သွယ်မှု အခြေအနေ၊ ငွေဖောင်းပွမှုနှုန်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေ ငွေစာရင်းအခြေအနေနှင့် ပြည်ပကြွေးမြီများ အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံတော်၏ သီးသန့်နိုင်ငံခြားငွေပမာဏ၊ ဖြစ်ပေါ် လာမည့် နိုင်ငံခြားငွေဈေးကွက်ကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန် လိုအပ်သော အတတ်ပညာ၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံနှင့် လုံလောက်သောရန်ပုံငွေပမာဏ စသည်ဖြင့် ဘက်စုံထောင့်စုံမှ စဉ်းစားသုံးသပ် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံတွင် ကျင့်သုံးသည့် စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း အစီအစဉ်ကို ရွေးချယ်ကျင့်သုံးခွင့် ရှိပါကြောင်း၊ IMF အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအား ရှိသင့်သည်ထက် မြင့်တက် နေပါက ပြန်လည်လျှော့ချသတ်မှတ်နိုင်ခွင့်နှင့် ရှိသင့်ရှိထိုက်သည့် အဆင့်ထက် အောက် လျော့ကျနေလျှင်လည်း ပြန်လည်ပြင်ဆင် သတ်မှတ်ခွင့်ရှိပါကြောင်း၊ ထို့အပြင် IMF အဖွဲ့ဝင် နိုင်ငံတိုင်းသည် မိမိတို့ ကျင့်သုံးသည့် ငွေလဲလှယ်နှုန်းအစီအစဉ် (Exchange Rate Arrangements) နှင့်ပတ်သက်၍ IMF သို့ အသိပေးရန်နှင့် ငွေလဲလှယ်နှုန်းအစီအစဉ်တွင် မည်သည့်ပြောင်းလဲမှုကိုမဆို IMF သို့ အသိပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး မိမိ၏ငွေကြေးကို (SDR)ဖြင့် ပထမဆုံး ချိတ်ဆက်သတ်မှတ်သည့် IMF အဖွဲ့ဝင်နိုင်ငံဖြစ်ပါကြောင်း၊ ၂၇-၁၂-၁၉၇၁ ရက်နေ့ တွင် မြန်မာကျပ်ငွေအား (SDR) တစ်ယူနစ်လျှင် ကျပ် (၅ဒသမ၈၀၇၁၇)နှင့် ချိတ်ဆက် သတ်မှတ်ခဲ့ပါကြောင်း၊ ၂၅-၁-၁၉၇၅ ရက်နေ့တွင် မြန်မာကျပ်ငွေအား (SDR) တစ်ယူနစ်လျှင် ကျပ် (၇ဒသမ၇၄၂၈၉) သို့ လည်းကောင်း၊ ၂-၅-၁၉၇၇ ရက်နေ့တွင် ကျပ် (၈ဒသမ၅၀၈၄၇)သို့ လည်းကောင်း အသီးသီးပြင်ဆင်သတ်မှတ်ခဲ့ပြီး ယခုအချိန်ထိ လက်ရှိ တရားဝင် နိုင်ငံခြားငွေ လဲလှယ်နှုန်းသည် (SDR) တစ်ယူနစ်လျှင် ကျပ် (၈ဒသမ၅၀၈၄၇) နှင့် ညီမျှသည်ဟု သတ်မှတ်ထားပါကြောင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အများအပြား ရရှိလာစေရန်နှင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက် လည်ပတ်သည့်အခါ လွယ်လင့်တကူ လဲလှယ်သုံးစွဲနိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၃ရက်နေ့တွင် နိုင်ငံခြားငွေ လက်မှတ် (FEC)များကို ထုတ်ဝေခဲ့ပါကြောင်း၊ နိုင်ငံခြားငွေလက်မှတ်များကို ယူရို၊ ယန်း၊ ပေါင်စတာလင်၊ Swiss francs၊ အမေရိကန်ဒေါ်လာအပြင် ထုတ်ယူခွင့်ရှိသောခရီးသွား ချက်လက်မှတ်များဖြင့် လဲလှယ်နိုင်ပြီး FEC တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာနှင့်ညီမျှကြောင်း သတ်မှတ်ထားပါကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ **ချစ်မြတ်နိုးပါ ဗုဒ္ဓသာသနာ** တရားတော် (ဆရာတော်ဓမ္မဓရအရှင်ကုမာရ)
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၃)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၅)
၈း၅၀ ezy Acoustic Show (Part-3)
၉း၄၀ Intellectual Talk (Sustainable Development) (Part-1)
၁၀း၁၅ ထူးမြတ်ပူဇာ နာဂလိုဏ်ဂူ ဆရာတော်၏ ဝိဇာတမင်္ဂလာ
၁၀း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၅ The Champion of Dance
၁၁း၃၅ Activities in The City (ဆင်ဖြူတောင်မှ ဝါဆိုသင်္ကန်းကပ်လှူပွဲ)
၁၁း၄၅ မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၁၁း၅၀ Activities in The City (ရှိုင်းကုမ္ပဏီများအုပ်စု၏ အိမ်အလှဆင်ပစ္စည်းမိတ်ဆက်ပွဲ)
၁၂း၀၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း ဒေါက်တာ ခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ
၁၂း၃၅ သာသနာပြုရာ ရွှေပေါက်ကျွန်းစခန်းသာ
၁း၀၀ **ချစ်မြတ်နိုးပါ ဗုဒ္ဓသာသနာ** တရားတော် (ဆရာတော်ဓမ္မဓရအရှင်ကုမာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၅ Activities in the City [သံတွဲခရိုင်အတွင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ]
၃း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၃)
၄း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၅)
၄း၅၅ စစ်မှန် မှန်ကန်ခြင်းနှင့်ထပ်တူ
၅း၁၅ ရန်ကုန်မြင်ကွင်းကျယ် [ပါမောက္ခနေဝင်း (ဆေးပညာ)၏ သွေးတိုးရောဂါနှင့် အသက်ရှည် ကျန်းမာစွာ နေထိုင်ခြင်း၊ ကျန်းမာရေးဟောပြောပွဲ)
၅း၃၀ အနာဂတ်စီးပွားရေး၏ အောင်မြင်မှု ခြေလှမ်းအစ
၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Dell Runway 2011 အောက်မြန်မာပြည် Semi Final ပြိုင်ပွဲကြီး)
၆း၀၀ MRTV -4 သတင်း
၆း၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၁၁၄)
၇း၀၀ ezy Acoustic Show (Part-4)
၈း၀၀ MRTV -4 သတင်း
၈း၃၀ **စကားနပန်း (မင်္ဂလာဆောင်သွားတာကောင်းတယ်၊ မင်္ဂလာဆောင် မသွားတာကောင်းတယ်)**
၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၆)
၁၀း၂၀ Style ရှိမှ Star ဖြစ်မယ်
၁၁း၁၀ အနုပညာမိုးကောင်းကင်
၁၁း၃၀ သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့**
၁၁း၃၅ World Championships in Athletics, Daegu
၁၂း၃၅ ဂီတသရုပ်ပြခန်း (လှိုင်ဦးမော်နှင့် မနောတို့၏ လက်ရွေးစင်လေးစီးရီး)
၁း၁၀ ချည်ခင်ကိုမယ်ရှင်းလို့ရက်ကာ အမြဲဝတ်မယ်ထာဝစဉ်
၁း၂၅ အားကစားမြင်ကွင်းစုံ
၁း၅၀ ပရအကျိုး တို့သယ်ပိုးစို့
၂း၀၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာအိုင်းရစ်)
၂း၂၅ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ခင်လေးဆွေ (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၄း၂၀ ခံစားမှု ရသစုံလင်····· အမျိုးသားကန်တော်ကြီးဥယျာဉ်
၄း၄၅ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာမျက်နှာ ၇ မှ

သို့ဖြစ်ပါ၍ Exchange Rate သတ်မှတ်ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကိုလည်းကောင်း၊ နေ့စဉ် လူမှုစီးပွားဘဝများကိုလည်းကောင်း ထိခိုက်မှုမရှိစေရန် ဦးစားပေးလျက် IMF နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Exchange Rate Unification လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက FEC ရုပ်သိမ်းရေးကိစ္စသည် အလိုအလျောက်ပါသွားမည်ဖြစ်ပါကြောင်း၊ FEC ရုပ်သိမ်းသည့်အခါတွင်လည်း FEC ကို စတင်ထုတ်ဝေစဉ်ကပင် FEC တစ်ယူနစ်သည် အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသည်ဟု သတ်မှတ်ထားရှိပြီး ထုတ်ဝေခြင်းဖြစ်သဖြင့် FEC အစား FEC နှင့်ညီမျှသော နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာကိုဖြစ်စေ သို့မဟုတ် ယင်းအချိန်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဈေးကွက်ပေါက်ဈေးနှင့်ညီမျှသော ကျပ်ငွေကိုဖြစ်စေ လဲလှယ်ပေးမည်ဖြစ်ပြီး FEC လက်ဝယ်ကိုင်ဆောင်ထားသူများ နစ်နာမှုမရှိစေရန်အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရှင်းလင်းဆွေးနွေး

ထို့အပြင် တည်ဆဲနိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းဥပဒေ (၁၉၄၇) သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေများတွင်ပါဝင်ပြီး ခေတ်ကာလနှင့် မကိုက်ညီသည့် ပြဋ္ဌာန်းချက်များအား ခေတ်ကာလနှင့်ကိုက်ညီစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြီးပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယမန်နေ့က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးထွန်းလွင် တင်သွင်းထားသည့် **"မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ်ဖွဲ့စည်းရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင်က ထာဝရငြိမ်းချမ်းရေးရရှိအောင် မတူညီသည့်အချက်များကို ခေတ္တဘေးဖယ်ပြီး တူညီသည့်အချက်များကို ပေါင်းစပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သည် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း (၆၀) ကျော်ကြာသည်အထိ တစ်နိုင်ငံလုံး ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းမှုမရရှိသေးကြောင်း၊ ယခင်တပ်မတော်အစိုးရက ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့အပါအဝင် အဖွဲ့ပေါင်း (၄၀)ကျော် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် ယခင်က မရခဲ့သေးသည့် တည်ငြိမ်အေးချမ်းမှုကိုရရှိခဲ့ပြီး နိုင်ငံတော်၏ ဒေသအသီးသီးတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လက်ရှိအစိုးရသည် တပ်မတော်အစိုးရလက်ထက်က ရရှိခဲ့သည့် ယာယီငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးအဖြစ် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများစည်းလုံးညီညွတ်ပြီး ထာဝရငြိမ်းချမ်းရေးကို အတူတကွ ပူးပေါင်းတည်ဆောက်ကြရန် တိုက်တွန်းလိုကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာဝင်းမြင့်အောင်က ဆွေးနွေးရာတွင် တပ်မတော်အစိုးရလက်ထက်က ရရှိပြီးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပျောက်ကွယ်သွားမှာကို ပြည်သူများ အထူးစိုးရိမ်နေကြပါကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေး (၃)ပါးကို တိုင်းရင်းသားအားလုံးက နားလည်လက်ခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားကြရမည့် တာဝန်ကိုယ်စီရှိနေကြပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမန်းကံညွန့်က ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးကို ပထမဆုံးအလိုချင်ဆုံးမှာ နှစ်ဖက်လက်နက်ကိုင်တိုက်ပွဲဝင်နေကြသည့် တပ်ဖွဲ့ဝင်များနှင့်သူတို့၏ မိသားစုများဖြစ်ကြောင်း၊ စစ်တိုက်သည်ကိုမလိုလားသည့် ရည်ရွယ်ချက်ချင်းတူညီပြီး စစ်မတိုက်ကြရအောင် လုပ်ဆောင်နိုင်သည့် နည်းလမ်းတစ်ခုတော့ရှိမှာဖြစ်ကြောင်း၊ ယင်းနည်းလမ်းများကို ရှာဖွေနိုင်ရန် အဖွဲ့တစ်ဖွဲ့ရှိနေသင့်ပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့်က ဆွေးနွေးရာတွင် နိုင်ငံတိုးတက်မှုနှေးကွေးနေရသည့် အဓိကအကြောင်းအရင်းမှာ လက်နက်ကိုင်ဆန့်ကျင်မှုများ အများအပြား ပေါ်ပေါက်ခဲ့ကြသည့်အတွက်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့်ကာလဖြစ်ပြီး ပြည်သူတို့၏ ဆန္ဒသဘောထားကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ လွတ်လပ်စွာတင်ပြပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကို ရရှိနေပြီးဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိရေး ဆောင်ရွက်ရန် အခွင့်သာဆုံး အချိန်အခါဖြစ်သောကြောင့် ယင်းအခွင့်အရေးကို လက်မလွှတ်စတမ်း အသုံးချနိုင်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာ အဖြေရှာ ဖြေရှင်းနိုင်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းရေးအဆိုကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

ထောက်ခံ

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီးက ဆွေးနွေးရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် နိုင်ငံတော် တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို မိမိတို့အားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့အနေနှင့် ကြော်ငြာချက်အမှတ် (၁/၂၀၁၁)ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီလျော်ကန် မှန်ကန်သည့် စေ့စပ်ဆွေးနွေးမှုများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ယခုအခြေအနေမှာ မရှိမဖြစ်လိုအပ်နေသော အချိန်ဖြစ်သည့်အတွက် **"မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး"** အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင်က ဆွေးနွေးရာတွင် တိုင်းရင်းသားများသည် ဘာသာဓလေ့၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ ကွဲပြားသော်လည်း နိုင်ငံ့အရေးနှင့်ပတ်သက်လျှင် အားလုံးညီညွတ်ခဲ့ကြပါကြောင်း၊ ခေတ်သမိုင်းကို သင်ခန်းစာယူ၍ တပ်မတော်အစိုးရလက်ထက်က ရယူပေးနိုင်ခဲ့သည့် ငြိမ်းချမ်းရေးကို ထာဝရတည်တံ့ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရန် အချိန်အခါကောင်း ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ဆွေးနွေးရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ သမိုင်းစာမျက်နှာသစ် အုတ်မြစ်ချဆောင်ရွက်နေစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ရပြီး ချထားသည့်အုတ်မြစ်ခိုင်ခံ့အောင်လည်း တာဝန်ရှိကြောင်း၊ အလားတူ နိုင်ငံတော်ထာဝရငြိမ်းချမ်းရေးရရှိအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ ငြိမ်းချမ်းသောဘဝကိုရရှိစေဖို့ တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် ကော်မတီတစ်ရပ် အမှန်တကယ်လိုအပ်သဖြင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုင်းမြမောင်က ဆွေးနွေးရာတွင် စီးပွားရေးနောက်ကျကျန်ခဲ့မှုကိုသုံးသပ်လျှင် အဓိကပြည်တွင်းစစ်ပွဲကြောင့်ဟု ယူဆပါကြောင်း၊ သာဓကအားဖြင့် ၁၉၉၀ နောက်ပိုင်းမှစပြီး ပြည်တွင်းငြိမ်းချမ်းရေးရယူပြီး နိုင်ငံတော်၏အဘက်ဘက်မှ လိုအပ်ချက်များဖြစ်သည့် လမ်းတံတားများ၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆည်မြောင်း၊ တာတမံများ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်စက်ရုံများ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါကြောင်း၊ မိမိသွားလိုရာခရီးကို နေ့ချင်းညချင်း လိုရာကို အရောက်သွားလာနိုင်ခဲ့ရပါကြောင်း၊ မိမိစီးပွားရေးအလုပ်အကိုင်များကိုလည်း လွတ်လွတ်လပ်လပ် သွားလာလုပ်ကိုင်၍ရခဲ့ပါကြောင်း၊ ကချင်ပြည်နယ်တွင် အောက်ခြေပဋိပက္ခကြောင့် ၉-၆-၂၀၁၁ ရက်နေ့မှစပြီး တိုက်ပွဲများစတင်ဖြစ်ပွားခဲ့ရာ လမ်းတံတားများ ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ယင်းမှာ စစ်ပွဲ၏

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အကျိုးရလဒ်သာဖြစ်ပါကြောင်း၊ မိမိတို့တစ်တွေသည် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြပါကြောင်း၊ စစ်ပွဲ၏ဒဏ်ကြောင့် မိမိတို့ ကချင်ပြည်နယ်တွင် ဒေသခံပြည်သူများ မိမိအိုးအိမ် လယ်ယာ၊ ကျွဲ၊ နွား တိရစ္ဆာန်များကိုစွန့်ပြီး မိမိအသက်လုံခြုံမည့်နေရာရှာပြီး ထွက်ပြေးရှောင်တိမ်းနေကြရသည့် စစ်ပြေးဘဝ ရောက်နေကြရပါကြောင်း၊ ဖြစ်ပွားခဲ့သည့် စစ်ပွဲကြောင့် အစားထိုးမရသော ကြီးမားစွာ ဆုံးရှုံးနစ်နာ ပျက်စီးယိုယွင်း နောက်ကျခဲ့ရသော သာဓကများကိုကြည့်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် နှစ်ပေါင်းများစွာ မချုပ်ငြိမ်းခဲ့သော ပြည်တွင်းစစ်များရပ်စဲပြီး ထာဝစဉ်အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရေးအတွက် အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်က ပြည်ထောင်စုအနှစ်သာရ ပိုမိုထင်ရှားစေသည့် လူမျိုးအသီးသီး၏ ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း၊ အဆိုတွင်ပါဝင်သည့် ကော်မတီတစ်ရပ်အစား နှစ်ဖက်စလုံးကလက်ခံသည့် ပါတီစုံမှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အများကြည်ညိုလေးစားသူများပါဝင်သော ကော်မရှင်တစ်ရပ် ဖွဲ့စည်းစေလိုပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစောတော်ပလဲက ဆွေးနွေးရာတွင် မိမိသည် နယ်မြေ မအေးချမ်းသည့်ဒေသတွင် မွေးဖွားခဲ့ပြီး နယ်မြေမအေးချမ်းမှု၏အရသာကို ယနေ့အထိ ခံစားနေရပါကြောင်း၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ယနေ့အချိန်တွင် ဝိုင်းဝန်းအကြံပြု ဆွေးနွေးနေကြပြီဖြစ်ကြောင်း၊ သို့သော် ငြိမ်းချမ်းရေးမရှိသေးသရွေ့ ပြည့်စုံမှာမဟုတ်ပါကြောင်း၊ မိမိဒေသခံများကလည်း ငြိမ်းချမ်းရေးကိုပဲ လိုလားပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင်က ဆွေးနွေးရာတွင် တပ်မတော်အစိုးရလက်ထက်က ယာယီငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ မိမိတို့ဒေသခံများအနေဖြင့် ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းအလုပ်လုပ်ရရေးကိုပဲ မျှော်လင့်ကြကြောင်း၊ ပြည်သူများ၏ဆန္ဒ ဖြည့်ဆည်းရန်အတွက် ကော်မတီကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ ယခင်ငြိမ်းချမ်းရေးကြိုးပမ်းမှုများ မအောင်မြင်ခဲ့ရခြင်းအကြောင်းရင်းများကိုလည်း ပြန်လည်အဖြေရှာသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန်က ဆွေးနွေးရာတွင် ယခင်က အမှားသံသရာကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်သည့် မိမိတို့မှာလည်း တာဝန်ရှိကြောင်း၊ ကချင်ပြည်နယ်တွင် ၁၉၉၄ ခုနှစ်ကစ၍ ငြိမ်းချမ်းရေး ရခဲ့သော်လည်း ယခုအခါ သေနတ်သံ၊ ဗုံးသံများ ပြန်ကြားနေရကြောင်း၊ မည်သူမျှ ယခင်လိုဘဝမျိုး ပြန်မရောက်လိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးသာ လိုချင်ကြကြောင်း၊ ထာဝရငြိမ်းချမ်းရေးသည် အရေးကြီးဆုံး နိုင်ငံရေးတာဝန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း တင်သွင်းထားသည့် **"ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ ရက် (၁၀၀) ကျော် ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်းတင်ပေးပါရန်"** အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း တင်သွင်းထားသည့် **"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီးထွက်ရှိလာသည့် သီးနှံများ ဈေးနှိမ်မခံရရေးနှင့်ဈေးကွက်ရရှိရေး စသည်တို့ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်းက **"အများပြည်သူတို့အပေါ် မလျော်ဩဇာကျင့်သုံးမှု၊ မမှန်မကန်ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးကြသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် စုံစမ်းရာဒေသမှ ယုံကြည်လေးစားထိုက်သော မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြန်မာနိုင်ငံအနေဖြင့် ခေတ်မီပြီး ဥပဒေနှင့်ညီညွတ်သည့်အုပ်ချုပ်ရေးစနစ် (Modern and Lawfully Administration)နှင့် အခြေခံအုပ်ချုပ်မှုစနစ် ပြောင်းလဲတိုးတက်မှန်ကန်မှုရှိရေး (Development Basic Administration) ကို စတင်ကျင့်သုံးလျက်ရှိပါကြောင်း၊ ယင်းအချက်များနှင့်လျော်ညီသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေမည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူးများကို တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုများအကြားမှာဖြစ်စေ၊ ဝန်ထမ်းနှင့် ပြည်သူတို့အကြားမှာဖြစ်စေ ပေါ်ပေါက်လာသည့် အငြင်းပွားမှု၊ တိုင်ကြားမှုများကိုလည်း အဆိုပါပုဂ္ဂိုလ်များက နည်းမှန်လမ်းမှန်နှင့် စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရန် လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကလည်း အဆင့်ဆင့် ကွပ်ကဲကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဖြစ်ရပ်မှန်ပေါ်ပေါက်

ထို့အတူ ဝန်ထမ်းနှင့် ပြည်သူတို့အကြားတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှု၊ တိုင်ကြားမှုများနှင့် ပတ်သက်ပြီး အရေးယူဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာဌာန၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲများ၏ ဖွဲ့စည်းတာဝန်ပေးအပ်မှုများနှင့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များအနေနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် အသုံးပြုကြသည့် စစ်ဆေးမှုနည်းလမ်းများ မည်သို့ပင် ကွဲပြားခြားနားသည်ဖြစ်စေ ရည်မှန်းချက်တာဝန်မှာမူ အမှုဖြစ်ရပ်မှန် ပေါ်ပေါက်စေရေးပင်ဖြစ်ပါကြောင်း။

စုံစမ်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် အမှုဖြစ်ရပ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မျှတစွာဆောင်ရွက်ပြီး တွေ့ရှိချက်များကို မူလတာဝန်ပေးအပ်သည့် အကြီးအကဲအာဏာပိုင်ထံ သုံးသပ်အကြံပြုချက်နှင့်တကွ ပြန်လည်အစီအရင်ခံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ၎င်းတင်ပြချက်အပေါ် အကြီးအကဲဖြစ်သူက ကြားနာစိစစ်မှုများဆောင်ရွက်ပြီး ပြည့်စုံခိုင်လုံမှုမရှိလျှင် ပြန်လည်စုံစမ်းဖြည့်စွက်စေခြင်း၊ သံသယဖြစ်ပွားတွေ့ရှိရပြီး ကျေနပ်မှုမရှိလျှင် စုံစမ်းရေးအဖွဲ့ သီးခြားထပ်မံဖွဲ့စည်းစစ်ဆေးစေခြင်းများ ဆောင်ရွက်ပါကြောင်း၊ လိုအပ်လျှင် ဥပဒေအကြံပြုချက်များရယူပြီး တရားစီရင်ရေးမူဘောင်အတွင်းမှာ ဆက်လက်အရေးယူဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်ရပါကြောင်း၊ အမှုဖြစ်ရပ်မှန်ပေါ်လွင်အောင်ဖော်ထုတ်ခြင်းသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်ဖြစ်ပြီး အပြစ်ရှိသည့်သူများကို ထိရောက်သည့်ပြစ်ဒဏ်ပေးခြင်းကိုမူ တရားစီရင်ရေးအပိုင်းက အရေးယူဆောင်ရွက်ပါကြောင်း။

တချို့ကိစ္စရပ်များ၌ စစ်ဆေးသူများက အချက်အလက်အမှန်များကို ဖုံးဖိဖျောက်ဖျက်ခြင်း၊ စစ်ဆေးရသမျှကို ပြည့်ပြည့်စုံစုံ မဖော်ပြခြင်းတို့သည် စစ်ဆေးသူ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အားနည်းချက်၊ အကျင့်ပျက်ခြစားမှုများသာဖြစ်ပြီး ယင်းအချက်များကြောင့် ဖြစ်ရပ်မှန်မပေါ်ပေါက်ဘဲ နစ်နာမှုများရှိပြီး ကျေနပ်မှုမရှိသည့်အခါ ထပ်မံတိုင်ကြားနိုင်ကြောင်းကိုလည်း ဥပဒေကျင့်ထုံးများတွင် ထည့်သွင်းဖော်ပြထားရှိပါကြောင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်သည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အပါအဝင် တည်ဆဲဥပဒေများနှင့် ၁၉၈၅ ခုနှစ် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲစာအုပ်တွင် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားရှိပါကြောင်း။

အာဏာပိုင်နှင့် အကြီးအကဲများက စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင်လည်း အမှုအခင်းများ၏ အတိမ်အနက်ပေါ်မူတည်ကာ ဝန်ထမ်းများ၏အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အပေါ် အခြေခံပြီး သတ်မှတ်အရည်အချင်းကိုက်ညီသူများနှင့်သာ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များအနေနှင့် အမှုဖြစ်ရပ်မှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးချက်များကို ၎င်းတို့၏ဂုဏ်သိက္ခာရှိမှု၊ ၎င်းတို့၏ ဝန်ထမ်းဘဝတို့နှင့်ရင်းပြီး တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အငြင်းပွားမှု၊ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၉ နှင့် ၂၀၀ တို့အရ တရားရုံးများတွင်လည်းကောင်း၊ ပုဒ်မ ၁၅၆ နှင့် ၁၅၇ တို့အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က
အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူး
အက်ဥပဒေပုဒ်မ ၆ နှင့် ၇ တို့အရ အထူးစုံစမ်းစ
ကိုလည်းကောင်း အာဏာအပ်နှင်းထားရှိပါကြော
ရေးလုပ်ငန်းများမှာ တရားဥပဒေကို ထိန်းသိမ်းက
(LAW ENFORCEMENT BODY) ဝန်
စီမံခန့်ခွဲရသည့် အာဏာအပ်နှင်းထားပြီး ဝန်ထမ်
အပ်နှင်းထားခြင်းမရှိသည်ကို တွေ့ရှိရပါကြော

ယုံကြည်အားထား

ထို့အပြင် ၁၉၈၅ ခုနှစ်၊ ဝန်ထမ်းစည်းကမ်
၃၁ (ဂ)၊ ၄၁ (ခ) တို့မှာလည်း စုံစမ်းစစ်ဆေးရေး
အမှုနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးအရ စိတ်ပါဝင်စ
သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်အကျိုးဝင်နေသူများ
ကြောင်း၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်း၏ သဘာဝ
မှသာ ဖြစ်ရပ်မှန်ကို စစ်ဆေးဖော်ထုတ်နိုင်မှာဖြ
လေ့ကျင့်တတ်မြောက်ပြီးသူ ဝန်ထမ်းများနှင့်သာ
သင့်လျော်သည်ကို တွေ့ရှိရပါကြောင်း၊ စုံစမ်းရာ
လေးစားထိုက်သည့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများက
သက်သေများအဖြစ် ခေါ်ယူဆောင်ရွက်လျက်ရှိပါ
စုံစမ်းစစ်ဆေးသည့်အဖွဲ့များမှာ အစိုးရဝန်ထမ်းမ
ရပ်ဖအချို့ကို ထည့်သွင်းပါဝင်ဖွဲ့စည်းပေးရန် အ
လုပ်ငန်း၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများ၊ လု
ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသ

လွှတ်တော်ကိုယ်စားလှယ်၏ အဆိုကို
ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားပြီးဖြ
မေးခွန်းအဖြစ်ပြောင်းလဲပြီး ပြည်ထောင်စုဝန်ကြီး
တင်ထားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှ
"အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်
ဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော
Companies Act၊ (ခ) The Partnership
စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွ
အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို တ

ညှိနှိုင်းပြင်ဆင်

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း
ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိ
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခ
ယင်းဥပဒေများအနက် မြန်မာနိုင်ငံကုမ္ပဏီများ အ
Companies Act၊ အစုစပ်လုပ်ငန်းအက်ဥပဒေ
နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ (The
Enterprises Law) တို့ပါ ပြဋ္ဌာန်းချက်များကို
ခေတ်စနစ်နှင့်လိုက်လျောညီထွေမှု ရှိစေရန်အတွ
လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှ
ရှိပါကြောင်း။

ထို့အပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဥပ
လျက်ရှိပါကြောင်း၊ ရှေးယခင်က မရှိသေးသော
Law) ကိုလည်း ရေးဆွဲပြုစုလျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတရုံးကလည်း မိမိဝန်ကြီ
အားလုံး၏ ဆိုင်ရာဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေ
တင်ပြသွားရန် တောင်းခံထားပြီးဖြစ်ပါကြောင်း

ထို့ကြောင့် ဦးသိန်းဝင်း၏အဆိုတင်သွင်း
ပါကြောင်းနှင့် ဝန်ကြီးဌာနမှလည်း ဆောင်ရွက်
ဆွေးနွေးပြီး အဆိုကို လွှတ်တော်က လက်ခံ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (
အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲ
များမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သ
စိစစ်ပြီး အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုအ
အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ
က နိုင်ငံတော်တွင် ခေတ်အဆက်ဆက်ပြဋ္ဌာန်း
ပြောင်းလဲလာသောအခြေအနေနှင့် ဆီလျော်မှ
ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိသောဥပဒေမျာ
ကျင့်သုံးရန် အကြောင်းမရှိတော့သည့် ဥပဒေ
ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း
အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ
ဥပဒေမှာ (၄၀၁) ခုရှိပါကြောင်း၊ ယင်းဥပဒေအ
ဖော်သောအဖွဲ့အစည်းများမှာ ပြည်ထောင်စုဝန်
ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေစာရင်းမျ
ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ခေတ်နှင့်လျော်ညီ
နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် အကျိုးမပြုသော
ပြင်ဆင်ရန်နှင့် အစားထိုးရန် ဆောင်ရွက်လျက

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်
အကြိမ် လွှတ်တော်အစည်းအဝေးစတင်ပြီးသည်
များသို့ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများနှင့်
အပေါ် အကျိုးမပြုသည့်ဥပဒေများကို ပြန်လည
သဘောထားမှတ်ချက်များနှင့်အတူ ပြည်ထော
အသိပေးညှိနှိုင်းခဲ့ပါကြောင်း၊ ဝန်ကြီးဌာနများသည
မှတ်ချက်များနှင့်တကွ ပေးပို့လျက်ရှိပါကြောင်း၊
မှတ်ချက်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်
ဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိတို့ကိုစိစစ်ပြီး
ကြောင်း။

သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အ
ဝန်ကြီးဌာနများကလည်း ယခုကျင်းပလျက်ရှိသေ
တွင် အသစ်ပြဋ္ဌာန်းလိုသည့်ဥပဒေများ၊ ပြင်ဆင်လို

ပုဒ်မ ၁၅၆ နှင့် ၁၅၇ တို့အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်းကောင်း၊ ၁၉၅၁ ခုနှစ် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အက်ဥပဒေပုဒ်မ ၆ နှင့် ၇ တို့အရ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနဝင်များ ကိုလည်းကောင်း အာဏာအပ်နှင်းထားရှိပါကြောင်း၊ ထို့ကြောင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများမှာ တရားဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရသည့် (LAW ENFORCEMENT BODY) ဝန်ထမ်းအဖွဲ့အစည်းများကသာ စီမံခန့်ခွဲရသည့် အာဏာအပ်နှင်းထားပြီး ဝန်ထမ်းမဟုတ်သူများကို အာဏာအပ်နှင်းထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

ယုံကြည်အားထား

ထို့အပြင် ၁၉၈၅ ခုနှစ်၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲအပိုဒ် ၃၁ (ဂ)၊ ၄၁ (ခ) တို့မှာလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူများသည် အမှုနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးအရ စိတ်ပါဝင်စားသူများ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်အကျိုးဝင်နေသူများ မဖြစ်စေရဟု ပြဋ္ဌာန်းထားပါကြောင်း၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်း၏ သဘာဝအရလည်း လုပ်ငန်းကျွမ်းကျင်မှုသာ ဖြစ်ရပ်မှန်ကို စစ်ဆေးဖော်ထုတ်နိုင်မှာဖြစ်သည့်အတွက် စနစ်တကျ လေ့ကျင့်တတ်မြောက်ပြီးသူ ဝန်ထမ်းများနှင့်သာ စုံစမ်းစစ်ဆေးခြင်းက ပိုမိုသင့်လျော်သည်ကို တွေ့ရှိရပါကြောင်း၊ စုံစမ်းရာဒေသများမှာလည်း ယုံကြည်လေးစားထိုက်သည့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများကို ယုံကြည်အားထားရသည့် သက်သေများအဖြစ် ခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြဿနာရပ်များကို စုံစမ်းစစ်ဆေးသည့်အဖွဲ့များမှာ အစိုးရဝန်ထမ်းမဟုတ်သည့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖအချို့ကို ထည့်သွင်းပါဝင်ဖွဲ့စည်းပေးရန် အဆိုအပေါ် စုံစမ်းစစ်ဆေးရေးလုပ်ငန်း၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်၏ အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားပြီးဖြစ်သည့်အတွက် အဆိုကို မေးခွန်းအဖြစ်ပြောင်းလဲပြီး ပြည်ထောင်စုဝန်ကြီး၏ အဖြေကိုလည်း မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းက **"အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က) The Myanmar Companies Act၊ (ခ) The Partnership Act၊ (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ညှိနှိုင်းပြင်ဆင်

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေ (၁၀)ခုရှိရာ ယင်းဥပဒေများအနက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ The Myanmar Companies Act၊ အစုစပ်လုပ်ငန်းအက်ဥပဒေ The Partnership Act၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ (The State-owned Economic Enterprises Law) တို့ပါ ပြဋ္ဌာန်းချက်များကို ပြုပြင်ပြောင်းလဲလာသော ခေတ်စနစ်နှင့်လိုက်လျောညီထွေမှု ရှိစေရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ရှေးယခင်က မရှိသေးသော ယှဉ်ပြိုင်မှု (Competition Law) ကိုလည်း ရေးဆွဲပြုစုလျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတရုံးကလည်း မိမိဝန်ကြီးဌာနသာမက ဝန်ကြီးဌာနအားလုံး၏ ဆိုင်ရာဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ချက်များကို ပြုစုတင်ပြသွားရန် တောင်းခံထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ဦးသိန်းဝင်း၏အဆိုတင်သွင်းမှုကို သဘောတူထောက်ခံပါကြောင်းနှင့် ဝန်ကြီးဌာနမှလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးပြီး အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းက **"အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နိုင်ငံတော်တွင် ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ပြောင်းလဲလာသောအခြေအနေနှင့် ဆီလျော်မှုမရှိသောဥပဒေများ၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိသောဥပဒေများနှင့် အနာဂတ်ကာလတွင် ကျင့်သုံးရန် အကြောင်းမရှိတော့သည့် ဥပဒေများကို အခါအားလျော်စွာ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ပြုစုထားသော တည်ဆဲဥပဒေမှာ (၄၀၁) ခုရှိပါကြောင်း၊ ယင်းဥပဒေအသီးသီးကို အကောင်အထည်ဖော်သောအဖွဲ့အစည်းများမှာ ပြည်ထောင်စုဝန်ကြီးဌာနများဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေစာရင်းများကို ပြုစုထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ခေတ်နှင့်လျော်ညီခြင်းမရှိသည့် ဥပဒေများနှင့် နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် အကျိုးမပြုသော ဥပဒေများကို ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အစားထိုးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပထမအကြိမ် လွှတ်တော်အစည်းအဝေးစတင်ပြီးသည်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများနှင့် နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် အကျိုးမပြုသည့်ဥပဒေများကို ပြန်လည်စိစစ်ရန် မေတ္တာရပ်ခံခဲ့ပြီး သဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ရန် အသိပေးညှိနှိုင်းခဲ့ပါကြောင်း၊ ဝန်ကြီးဌာနများသည်လည်း ဥပဒေများကို စိစစ်၍ မှတ်ချက်များနှင့်တကွ ပေးပို့လျက်ရှိပါကြောင်း၊ ပေးပို့လာသော သဘောထားမှတ်ချက်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိတို့ကိုစိစစ်ပြီး အကြံပြုပြန်ကြားလျက်ရှိပါကြောင်း။

သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း ယခုကျင်းပလျက်ရှိသော လွှတ်တော်အစည်းအဝေးတွင် အသစ်ပြဋ္ဌာန်းလိုသည့်ဥပဒေများ၊ ပြင်ဆင်လိုသည့်ဥပဒေများကို လွှတ်တော်အသီးသီးသို့ တင်ပြလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြီး အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ညနေ ၅ နာရီ ၁၀ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၉) ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ယမန်နေ့ကတင်သွင်းခဲ့သည့်အဆို (၄)ခုကို အတည်ပြုခြင်းနှင့် အဆိုသစ် (၃)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းပြီး ကုန်းတွင်းကမ်းလွန်လုပ်ကွက်များ၌ PSC စာချုပ်များချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ကုန်းတွင်းကမ်းလွန်ရေနံကုမ္ပဏီ ၂၀ ခု၏ အကြီးအကဲများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မူဝါဒအသစ်များ၊ လုပ်ငန်းစဉ်အသစ်များ ချမှတ်လုပ်ကိုင်နေချိန်တွင် စွမ်းအင်ဝန်ကြီးဌာနနှင့်အတူ လက်တွဲလုပ်ကိုင်နေကြသော ကုမ္ပဏီများအနေဖြင့် အစိုးရ၏ မူဝါဒလမ်းစဉ်များကို သဘောပေါက်နားလည်ပြီး လိုက်လျောညီထွေစွာ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အိမ်ရှင်နိုင်ငံရှိ ပြည်သူလူထုတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုမရှိအောင် အတတ်နိုင်ဆုံး ရှောင်ရှားဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် စနစ်တကျ ကြိုတင်စီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျပြုပြင်မှုများ ပြုလုပ်ပြီးမှသာ အန္တရာယ်ကင်းအောင် စွန့်ပစ်သွားရန်နှင့် ကုမ္ပဏီများအနေဖြင့် စွမ်းအင်ဝန်ကြီးဌာနနှင့်ချုပ်ဆိုထားသော စာချုပ်စာတမ်းပါ ကတိကဝတ်များအတိုင်း လေးစားလိုက်နာပြီး စာချုပ်ဘောင်အတွင်းမှ အချိန်မီပြီးစီးအောင် နိုင်ငံတော်နှင့် သက်ဆိုင်ရာကုမ္ပဏီများ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် မုဒုံမြို့နယ် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီတွင် မုဒုံမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည့် အခြေခံအိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်) သင်တန်းအမှတ်စဉ် (၃၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့ ဗဟိုစိုက်ပျိုးရေးခြံ၌ အထွက်ကောင်း မျိုးစပါးများစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး မုဒုံမြို့ အမှတ်(၁) ရပ်ကွက် သံတံတားအနီးရှိ အဇင်းချောင်းစက်လှေဆိပ် တည်ဆောက်ရန် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးကာ အဆိုပါ စက်လှေဆိပ်မှာ မုဒုံမြို့နယ်အတွင်းရှိ ကမ်းနားပိုင်း ကျေးရွာများမှ မုဒုံမြို့သို့ ဒေသထွက်ကုန်စည်များ လျင်မြန်စွာ ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်ရေးအတွက် တည်ဆောက်သွားမည်ဖြစ်ခြင်းကြောင့် အရှည်တည်တံ့ရန် ပြုပြင်ထိန်းသိမ်းစီမံဆောင်ရွက်သွားရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ကုလားတူးမြောင်း ဝဲ/ယာရှိ အောင်မြင်ဖြစ်ထွန်းနေသည့် စပါးစိုက်ခင်းများ၊ ခနိုတောများနှင့် သံလွင်မြစ်ကမ်းနားတစ်လျှောက် ဒီရေတောများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုသည်။

ကြိုတင်ဆောင်ရွက်

ဆက်လက်၍ သံလွင်မြစ်မှ ကတုံးပေါ်ချောင်းရိုးအတိုင်း ထွက်ခွာပြီး ကတုံးပေါ်စက်လှေဆိပ်၌ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ ရေဘေးအန္တရာယ်သတိရှိရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရှိကြရေး မှာကြားခဲ့သည်။

ယင်းနောက် ကတုံးပေါ်အခြေခံပညာမူလတန်းကျောင်းနှင့် ဘလောက်ညောင်ဝိုင်း အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ၏ စာပေသင်ယူမှုကို ကြည့်ရှုအားပေးသည်။

ပြုပြင်ဆောင်ရွက်

ယင်းနောက် ညနေပိုင်းတွင် မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ Rule of the Law နှင့်အညီ အုပ်ချုပ်ရေးနှင့် ဝန်ထမ်းများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၅ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန် အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၁ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၀၄)နိုင်ငံမြောက် သံတမန်ဆက်ဆံရေးထူထောင်သည့်နိုင်ငံဖြစ်သည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၁-၈-၂၀၁၁

သံတွဲမြို့	၃ ဒသမ	၇၈ လက်မ
မာန်အောင်မြို့	၃ ဒသမ	၄၃ လက်မ၊
ကျိုက္ကမီမြို့	၃ ဒသမ	၃၁ လက်မ
ဖြူးမြို့	၂ ဒသမ	၉၅ လက်မ
ဝမြို့နှင့် လောင်းလုံမြို့	၂ ဒသမ	၆၈ လက်မ
ချောင်းဆုံမြို့	၂ ဒသမ	၅၂ လက်မ
မုဒုံမြို့	၂ ဒသမ	၀၇ လက်မ၊

အဝေးသင်တက္ကသိုလ် ၂၀၁၁ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် ဩဂုတ် ၃၁

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၁ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိလည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

အနီးကပ်ပို့ချ

ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် **အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများနှင့် ဥပဒေပညာ အထူးပြု စတုတ္ထနှစ်** ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၉-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈:၀၀ ၇။ အကပဒေသာ
၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၉။ နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့)
၈:၃၀ ၁၀။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၀ ၄။ အဆိုပြိုင်ပွဲ
၄:၅၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၈။ ညှော်မယ်ဇို့
၅:၃၀ ၉။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၅:၄၀ ၁၀။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၅၀ ၁၁။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၅)
၆:၄၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၂၃)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၉၀)
၂၂။ အစီအစဉ်ပြီး၏။

အရည်အသွေးကောင်းသည့် မြန်မာ့သနပ်ခါး အချိန်မတိုင်မီ ခုတ်လှဲရောင်းချမှုများလာ

မောင်ချစ်ကြည်

နေပြည်တော် ဩဂုတ် ၃၁

“အချိန်မတိုင်မီ သနပ်ခါးပင်တွေခုတ်လှဲရောင်းချမှု တဖြည်းဖြည်း များပြားလာတာမို့ အရည်အသွေးစံချိန်မမီတဲ့ သနပ်ခါးတုံးတွေကြောင့် နာမည်ကောင်းရနေတဲ့ မြန်မာ့သနပ်ခါးရဲ့ ဂုဏ်ကို ကျဆင်းစေပါတယ်”လို့ မုံရွာမြို့က သနပ်ခါးရောင်းဝယ်ရေးလုပ်နေတဲ့ ကုန်သည် ဒေါ်လှရှိန်က ပြောပြပါတယ်။

ခုတ်လှဲရောင်းချ

နှစ်စဉ် ပွင့်လင်းရာသီတွေဖြစ်တဲ့ ဆောင်းနဲ့ နွေရာသီမှာ မြန်မာနိုင်ငံ အထက်ပိုင်း အပါအဝင် အညာဒေသတွေကို မြန်မာနိုင်ငံတစ်ဝန်းက ဘုရားဖူးတွေ အများအပြားလာရောက်တဲ့အချိန်မှာ သနပ်ခါးရောင်းချမှု အမြင့်ဆုံးဖြစ်ပါတယ်။ ပခုက္ကူ၊ မုံရွာ၊ မြိုင်စတဲ့ဒေသတွေက သနပ်ခါးစိုက် တောင်သူတွေဟာ ဒီအချိန်မှာ အရောင်းအဝယ်ကောင်းကြတာမို့ ကြားခံပွဲစားတွေရဲ့ တိုက်တွန်းမှုကြောင့် သက်တမ်းမပြည့်သေးတဲ့ သနပ်ခါးပင်တွေကို ခုတ်လှဲရောင်းချမှုတွေ များပြားလာခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

သနပ်ခါးပွဲစားတွေဟာ နယ်တွေအထိ၊ စိုက်ခင်းတွေအထိဆင်းပြီး တောင်သူတွေကို သနပ်ခါးရောင်းချဖို့ စည်းရုံးမှုတွေ ရှိလာပါတယ်။ အရွယ်မတိုင်ခင် သနပ်ခါးပင်တွေကို ခုတ်လှဲကာ ဈေးကွက်အရောက်ပို့ကြတာမို့ သနပ်ခါးကြိုက် မြန်မာအမျိုးသမီးတွေအပြင် ကမ္ဘာလှည့်ခရီးသွားတွေကပါ အပြန်အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူသွားကြတဲ့အခါ အရည်အသွေးစံချိန်မမီတဲ့ မြန်မာ့သနပ်ခါးတွေ ကမ္ဘာ့နိုင်ငံတွေအထိ ရောက်သွားပြီး မျက်နှာပန်းမလှဖြစ်သွားစေနိုင်ပါတယ်။ ပုံမှန်အနေနဲ့ သနပ်ခါးပင်တစ်ပင်ဟာ စတင်စိုက်ပျိုးပြီး ၁၀ နှစ်သား လောက်မှာမှ အပွေးတက်ပြီး အနံ့လည်းကောင်းတဲ့အပြင် ကျစ်လျစ်သိပ်သည်းမှုလည်း ရှိပါတယ်။ အပွေးသာမကပဲ အသားအထိပါ သင်းပျံ့တဲ့ သဘာဝသနပ်ခါးရနံ့တွေ စိမ့်ဝင်တတ်ကြတာဖြစ်ပါတယ်။ အဲဒီလို သက်တမ်းစေ့ သနပ်ခါးတွေဟာ မျက်နှာကိုလိမ်းလိုက်ရင် အသားကိုအေးမြစေပြီး ရနံ့လည်း မွှေးထုံသင်းပျံ့တဲ့အပြင် အသားအရေ လှပချောမွေ့ကာ ကျန်းမာရေးနဲ့ ညီညွတ်စေပါတယ်။

တွက်ခြေကိုက်

သနပ်ခါးပင်ရဲ့ သဘာဝအရ မျိုးစေ့နဲ့ဆီဘူးတစ်ဘူးကို စိုက်ရင် အပင်အရေအတွက် ၅၀၀၀ လောက် ပေါက်ပြီး အသားတင်အပင်အရေအတွက် ၄၀၀၀လောက် ရှင်သန်နိုင်ပါတယ်။ သနပ်ခါးပင် ခြောက်နှစ်သားမှာ အပင်အမြင့်ပေ ၂၀ လောက်ရှိပြီး လုံးပတ်အရွယ်အစားက ခြေသလုံးခန့်ရှိပါတယ်။ ၁၀ နှစ်သားအရွယ် သနပ်ခါးပင်ဆိုရင် လုံးပတ်အရွယ်အစား ပေါင်လုံးလောက်ရှိတာမို့ ခုတ်လှဲရောင်းချဖို့ အကောင်းဆုံးပါပဲ။ ၁၀ နှစ်သားအရွယ် သနပ်ခါးပင်တစ်ပင်ကို ခုတ်ရောင်းရင် ကာလပေါက်ဈေးကျပ် ၇၀၀၀၀ ကနေကျပ် ၈၀၀၀၀ အထိရရှိတာမို့ တွက်ခြေကိုက်ပါတယ်။

အခု အချိန်မှာတော့ အချို့က သုံးနှစ်သားအရွယ်၊ ငါးနှစ်သားအရွယ် သနပ်ခါးပင်တွေကို အနံ့ကောင်းအောင် ပြုပြင်ပြီး ခုတ်လှဲရောင်းချမှုတွေ ပြုလုပ်လာတာမို့ ဈေးကောင်းမရတဲ့အပြင် အရည်အသွေးမကောင်းဘဲ ဖြစ်သွားတတ်ပါတယ်။ဒါ့ကြောင့် မြန်မာ့သနပ်ခါး နာမည်မပျက်စေဖို့ မကြာခင်ရောက်ရှိတော့မယ့် အညာဘုရားဖူးရာသီအမီ အဲဒီလို ခုတ်လှဲရောင်းချမှုတွေ နည်းပါးအောင် ထိန်းသိမ်းသင့်ပါတယ်လို့ သနပ်ခါးကုန်သည် ဒေါ်လှရှိန်က ပြောပြခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

နတ်ကာရေလှောင်တမံ မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၃၁

လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ကျ၍ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုမြင့်မားစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေသယံဇာတ၊ မြေသယံဇာတများကို စနစ်တကျဖော်ထုတ်အသုံးပြုလျက်ရှိရာ ယနေ့နိုင်ငံတော်၏ ဆည်အစုအဖွဲ့များတွင် တစ်ခု အပါအဝင်ဖြစ်လာမည့် နတ်ကာရေလှောင်တမံကို မကြာမီဖွင့်လှစ်တော့မည် ဖြစ်သည်။ အဆိုပါရေလှောင်တမံကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီးတွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အမြင့် ၈၅ ပေ၊ အလျားပေ ၃၇၆၀ ရှိသည့် မြေသား တမံအမျိုးအစားဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၁၃၀၀ ရှိသည်။ ဇူလိုင် ၂၄ ရက်တွင် ရေစတင်သိုလှောင်နိုင်ခဲ့ပြီး စိုက်ဧကများ အရောက်ရေပေးဝေမည့် အလျား ၂ ဒသမ ၉ မိုင် အရှည်ရှိ တူးမြောင်းမကြီးနှင့် ၆ ဒသမ ၂ မိုင် အရှည်ရှိ လက်တံတူးမြောင်းများကို ဖောက်လုပ်ထားပြီး ဖြစ်သည်။ ပျော်ဘွယ်မြို့နယ်သည် ဒေသတွင်းမိုးရွာသွန်းမှုနည်းပါးပြီး သီးနှံအောင်မြင်ရေးအတွက် စိုက်ပျိုးရေ အဓိကလိုအပ်လျက်ရှိရာ အဆိုပါ နတ်ကာရေလှောင်တမံ ဖွင့်လှစ်ပြီးစီးပါက လယ်မြေဧက ၁၂၀၀ကို စိုက်ပျိုးရေ အလုံအလောက်ပေးဝေနိုင်မည်ဖြစ်၍ မြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ (ညီညီထွန်း-သတင်းစဉ်)

*** ကျောဖုံးမှ**

အစပြု၍ စက်တင်ဘာလအကုန်အထိ သီရိမင်္ဂလာဈေးသစ်ကြီးအတွင်းသို့ အဝင်များလာတတ်သည်။ ၎င်းနာနတ်သီးများကို နောက်ထပ်သီးနှံတစ်မျိုး စိုက်ပျိုးရန်အတွက် ငွေဖော်ကြသော “ခြံရှင်း နာနတ်”ဟု ဈေးသမားများက ခေါ်ကြသည်။ ရသည့်ဈေးနှင့် ရောင်းထုတ်တတ်ကြသည်။ ထို့ကြောင့် နာနတ်သီးဈေးနှုန်းများ ထိုးကျလာခဲ့သည်။ နာနတ်သီးသည် ဆေးဖက်ဝင်ကြောင်း လူအများသိသော်လည်း အချို့က သိပ်မကြိုက်ကြ၊ နာနတ်သီးတွင် အမျှင်နှင့် ဗီတာမင်စီဓာတ် ပြည့်ဝစွာပါသဖြင့် ကင်ဆာရောဂါကို ကြိုတင်ကာကွယ်နိုင်ကြောင်း ဆေးဘက်ဆိုင်ရာ သုတေသီများက အပြည့်အဝ ထောက်ခံထားသည်။

သီပေါထွက်နာနတ်မှာ ဇွန် ၁၀ ရက် နောက်ပိုင်းမှ အောက်တိုဘာလအတွင်း အဝင်များသည်။ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးအတွင်းသို့ လားရှိုးနှင့် သီပေါမှ နာနတ်သီးတင်ကားကြီး ၅ စီးမှ ၁၀ စီးအထိ ရာသီကာလအတွင်း ဝင်တတ်သည်။ လားရှိုး (တန့်ယန်း)နာနတ်သီးမှာ အလုံး အကြီးအသေးအလိုက် ၁၀ လုံးဈေးတစ်လုံး ငွေကျပ် ၃၀၀ မှ ၅၀၀ အထိရှိပြီး သီပေါသီးမှာ အလုံး အကြီးအသေးအလိုက် ၁၀ လုံးဈေး တစ်လုံး ငွေကျပ် ၂၀၀ မှ ၅၀၀ အထိရှိနေကြောင်း မင်းထက်အောင်ပွဲရုံက ဦးတီးတီးက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

မှုခင်းသတင်း

ငလိုက်ချောင်းအတွင်း လူတစ်ဦး ရေနစ်သေဆုံး

နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ငလိုက်ချောင်းအတွင်း လူငယ်တစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီ ၁၅မိနစ်ခန့်က ငုံးဥပြုတ် လှည့်လည်ရောင်းနေသော အသက်(၁၅)နှစ်အရွယ် လူငယ်လေးတစ်ဦး ချောင်းထဲသို့ ရေဆင်းချိုးရာမှ ရေထဲသို့ မျောပါနစ်မြုပ်သေဆုံးခဲ့ကြောင်း သိရှိရသည်။ **(၁၄၅)**

မိုးသည်းထန်ပြီး တောင်ကျရေများစီးဆင်း၊ တာချီလိတ်-မိုင်းဆတ်လမ်းပိုင်း ရေတိုက်စား

တာချီလိတ် ဩဂုတ် ၃၁

တာချီလိတ်မြို့နယ်တွင် ဩဂုတ် ၃၁ ရက် နံနက် ၁ နာရီခွဲအချိန်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ တစ်ရှိန်ထိုးစီးဆင်းခဲ့ရာ တာချီလိတ်-မိုင်းဆတ်သွားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၅၉ နှင့် ၆၀ အကြား ဖားလောက်ချောင်းပေါ်မှ ရေပြွန်ခံလမ်းပိုင်း ရေတိုက်စားကာ ပြိုကျပြတ်တောက်သွားခဲ့သည်။ ထိုနေ့က မိုးရွာသွန်းမှုကြောင့် တောင်ကျရေများ အရှိန်ဖြင့်စီးဆင်းလာစဉ် အကျယ် ၁ မီတာရှိ အောက်ခံ ရေပြွန်သုံးခု၏ ထိပ်ဝများတွင် အမှိုက်များနှင့် ရွံ့ညွန်များ ပိတ်ဆို့နေသဖြင့် ရေမစီးဆင်းနိုင်တော့ဘဲ တောင်ကျရေ၏ တွန်းအားကြောင့် အရှည် ၅၃ ပေ၊ အကျယ် ၁၆ ပေနှင့် အနက် ၁၈ ပေခန့်ရှိ လမ်းပိုင်းမှာ ချောင်းအတွင်း ပြတ်ရွေ့ပါသွားခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆောင်ရွက်လျက်ရှိ

အဆိုပါလမ်းပျက်စီးသွားမှုကြောင့် ကုန်စည်စီးဆင်းမှု ထိခိုက်မှုမရှိစေရေး၊ ယာဉ်အသွားအလာ ပြတ်တောက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လမ်းထိန်းသိမ်းမှု တာဝန်ယူထားသည့် သော်တာဝင်းကုမ္ပဏီတို့က ယာယီရှောင်ကွင်းလမ်း အလျင်အမြန်ပြုလုပ်ကာ ပျက်စီးသွားသောလမ်းပိုင်းကို အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ဝ၆၀)**

တောင်ကျရေ၏ တွန်းအားကြောင့် အရှည် ၅၃ ပေ၊ အကျယ် ၁၆ ပေနှင့် အနက် ၁၈ ပေ ခန့်ရှိ လမ်း ပိုင်း မှာ ချောင်းအတွင်း ပြတ် ရွေ့ သွားစဉ်။

GSM မိုဘိုင်းလ် တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ပထမနှစ် လိုင်း ၄ သန်း တပ်ဆင်ရေးလုပ်ငန်းများ စတင်နေပြီ

နေပြည်တော် ဩဂုတ် ၃၁

GSM မိုဘိုင်းလ် တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ပထမနှစ်လိုင်းလေးသန်း တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစာချုပ်များကို ဩဂုတ် ၂၆ ရက်က မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ပြည်တွင်းကုမ္ပဏီ (၁၁) ခုတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း ယင်းစီမံကိန်း၏ စီမံကိန်းမန်နေဂျာဖြစ်သူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဦးက ပြောကြားသည်။ ယင်းစာချုပ်များအရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းမှ ပုဂ္ဂလိကကုမ္ပဏီများက ငွေကြေးအရင်းအနှီး၊ လူအင်အားနှင့် ကျွမ်းကျင်မှုများ စိုက်ထုတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကာလကို ငါးနှစ် သတ်မှတ်၍ GSM မိုဘိုင်းလ် တယ်လီဖုန်းလိုင်း သန်း ၃၀ တပ်ဆင်သွားမည်ဖြစ်ပြီး ပထမနှစ်တွင် လိုင်း လေးသန်း၊ ဒုတိယနှစ်တွင် လိုင်း ငါးသန်း၊ တတိယနှစ်တွင် လိုင်းခြောက်သန်း၊ စတုတ္ထနှစ်တွင် လိုင်း ခုနစ်သန်းနှင့် ပဉ္စမနှစ်တွင် လိုင်း ရှစ်သန်း တပ်ဆင်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ပထမနှစ် စီမံကိန်းကို ဇူလိုင် ၂၇ရက်ကပင် စတင်နိုင်ခဲ့ပြီး အဆင့်သုံးဆင့်ခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစတင်သည့် နေ့မှစ၍ တစ်နှစ်အတွင်း နေပြည်တော်တွင် ၂၀၄၃၆၅လိုင်း၊ ကချင်ပြည်နယ်တွင် ၅၂၃၀၇ လိုင်း၊ ကယားပြည်နယ်တွင် ၈၃၇၄ လိုင်း၊ ကရင်ပြည်နယ်တွင် ၇၄၃၅၂ လိုင်း၊ ချင်းပြည်နယ်တွင် လိုင်း ၁၂၃၂၀၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၄၀၀၈၄၂ လိုင်း၊ တနင်္သာရီတိုင်း ဒေသကြီးတွင် ၈၆၀၁၉ လိုင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၉၀၁၂၉ လိုင်း၊ မကွေးတိုင်းဒေသကြီးတွင် လိုင်း ၄၀၃၂၄၀၊ မန္တလေးတိုင်း ဒေသကြီးတွင် လိုင်း ၅၅၅၅၈၀၊ မွန်ပြည်နယ်တွင် ၂၀၃၄၀၅ လိုင်း၊ ရခိုင်ပြည်နယ်တွင် ၁၄၂၅၇၂ လိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၉၇၇၆၆ လိုင်း၊ ရှမ်းပြည်နယ်တွင် ၁၇၃၉၂၉ လိုင်းနှင့် ဧရာဝတီတိုင်း ဒေသကြီးတွင် ၄၉၄၇၂၉ လိုင်း၊ တစ်နိုင်ငံလုံး စုစုပေါင်းလိုင်းအင်အား ၄၀၀၀၁၀၉ လိုင်း တပ်ဆင်ပေးသွားမည် ဖြစ်သည်။ ထို့အပြင် CDMA မိုဘိုင်းလ်ဖုန်းများကိုလည်း တိုးချဲ့တပ်ဆင်ပေးရန် လျာထား ဆောင်ရွက်လျက်ရှိပြီး ပထမနှစ်တွင် CDMA-800 မိုဘိုင်းလ်နှင့် CDMA-450 မိုဘိုင်းလ်ဖုန်း လိုင်း တစ်သိန်းစီ တပ်ဆင်မည်ဖြစ်သည်။ ၅နှစ်စီမံကိန်း ပြီးစီးပါက လိုင်းပေါင်း ၁၈၇၀၀၀ စီ တပ်ဆင်ပေးမည် ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။

အဆိုပါ မိုဘိုင်းလ်တယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် တပ်ဆင်ပေးသွားမည်ဖြစ်သော်လည်း ဈေးနှုန်းအတိအကျကိုမူ မသိရှိရသေးပေ။ ငါးနှစ်စီမံကိန်းတွင် GSM ကိုအဓိကထား၍ တိုးချဲ့တပ်ဆင်ရန် ရွေးချယ်ရခြင်းမှာ International Roaming ဆောင်ရွက်ရာတွင် GSM စနစ်သည် CDMA စနစ်ထက် အားသာချက်များရှိ၍ ဖြစ်သည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် GSM စနစ်ကို နိုင်ငံပေါင်း ၂၃၉ နိုင်ငံက လိုင်းအင်အား သန်းပေါင်း ၄၉၇၀ တပ်ဆင်အသုံးပြုလျက်ရှိပြီး CDMA စနစ်ကို နိုင်ငံ ၁၂၁ နိုင်ငံက လိုင်းအင်အား ၅၆၄ သန်းသာ တပ်ဆင်အသုံးပြုလျက်ရှိသည်။ GSM နှင့် CDMA နှစ်မျိုး ပူးတွဲ သုံးစွဲနေသည့် နိုင်ငံ ၄၆ နိုင်ငံ ရှိသည်။

(ရန်ကြီးအောင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၏ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၃၀ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေးထူးချွန်ဆုရ ကျောင်းများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ ရက်က အထက(၄) မင်္ဂလာတောင်ညွန့် ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး ဘက်စုံပထမဆုရ အမက(၁၀)မှ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဆွေအား ရန်ကုန်တိုင်းဒေသကြီး တိုင်းကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီ ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

သတ္တသတ္တာဟ(၇)ဌာနနှင့် တရားစခန်းဆောက်လုပ်ရာတွင် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

ဂေါတမမြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟ(၇)ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာရေကန်တော်နှင့် ရာဇာယတနလင်းလွန်းပင်တို့အား သွားရောက်ဖူးမြော်ကြည်ညိုရန် အခက်အခဲရှိသည့် ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်ကြည်ညိုသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်နိုင်ရန်အတွက် ဗုဒ္ဓဂယာ၏ ပုံစံတူ အရွယ်တူ နေပြည်တော်ဥတ္တရသီရိမြို့ မြောက်ဘက် ခွာညိုပန်းအဝိုင်းမှ ၅ မိုင် ၆ ဖာလုံအကွာ နေပြည်တော်-တပ်ကုန်း (တောင်အောက်) ကွန်ကရစ်လမ်း (ဝဲ/ယာ) ကပ်လျက် ဥဒယရံသီကုန်းတော်ပြင်၌ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် တရားစခန်းကို တည်ထားဆောက်လုပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် တရားစခန်း ဆောက်လုပ်လှူဒါန်းခြင်း လုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် -
ဦးကံချွန်
နေပြည်တော်ကောင်စီဝင်
အတွင်းရေးမှူး (အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၀၄၊ ၀၉-၈၃၀၀၂၅၉

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရုပ်ရှင်/ဗီဒီယိုလောကသားများ သိသာရန်

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်၊ ဗီဒီယိုလောကသားများ၏ သားသမီးများအား ပညာရည်ချွန် ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်မိဘများ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာတင်ပြလျက် ၁-၉-၂၀၁၁ရက်မှ ၃၀-၉-၂၀၁၁ရက် ၁၆နာရီ နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

လိုအပ်ချက်များ

(၁) သန်းခေါင်စာရင်းမိတ္တူမူရင်း
(၂) အမှတ်စာရင်းမိတ္တူမူရင်း
(၃) ကျောင်းသား၊ ကျောင်းသူမိဘ၏မှတ်ပုံတင်မိတ္တူ၊ မူရင်း
(၄) ရုပ်ရှင်အစည်းအရုံးဝင်ကတ်မိတ္တူမူရင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၃အီး၊ မြေကွက်အမှတ် V၁၉၅၊ မြေကွက်တည်နေရာအမှတ်၇၊ စက်တွင်းလမ်း၊ အလုံမြို့နယ် ဒေါ်ကျင် အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအားအမည်ပေါက်ဒေါ်ကျင်နှင့် ခင်ပွန်းဦးယုမေ(ခ) ယုမေ ကွယ်လွန်သဖြင့် ဦးကြည်ဝင်း၁၂/အလန(နိုင်)၀၂၆၀၅၂က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ



ပျောက်ဆုံးခြင်း

ကျွန်မ မဆိုင်းရော် ၁/မကန(နိုင်)၁၄၇၂၅၉၏ ပတ်စ်ပို့(A-395485) သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဆက်သွယ်ပေးပါရန်။ **မဆိုင်းရော်**

ဖုန်း-၀၉-၄၉၃၀၅၀၃၅

အမည်မှန်

ဦးဝမ်ဆွေထိုက်၏သား မြစ်ကြီးနားမြို့၊ အထက-၄၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်လင်း၏ အမည်မှန်မှာ မောင်ယုံဖန်း ဖြစ်ပါသည်။ **မောင်ယုံဖန်း**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ န၀မတန်း(F)မှ မမေရာမ်၏ ဖခင်အမည်မှန်မှာ ဦးဒိန်ခန်ဖုန်ဆာရ်း ၁/ဆကန(နိုင်)၀၀၁၇၃၀ ဖြစ်ပါသည်။

အမည်ပြောင်း

သာစည်မြို့၊ အမှတ်(၄)၊ ထိန်ကန်နေ ဦးဇော်ထွန်း၏သမီး၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မခိုင်ဇင်သော်ထွန်းအား မသွယ်ထက်ထက်စံ၊ ဒုတိယတန်းမှ မဆုလဲ့သော်ထွန်းအား မထက်အိအိလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသွယ်ထက်ထက်စံ၊မထက်အိအိလင်း

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(က)တွင် ပညာသင်ကြားနေသော မောင်အောင်ခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးအုန်းမောင်၉/ပမန(နိုင်)၀၂၇၈၈၇ ဖြစ်ပါကြောင်း။ **ဦးအုန်းမောင်**

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(က)တွင် ပညာသင်ကြားနေသော မောင်ခန့်ပြည့်သော်၏ ဖခင်အမည်မှန် ဦးမြင့်စိန်၉/ပမန(နိုင်)၀၀၀၀၀၆ ဖြစ်ပါကြောင်း။ **ဦးမြင့်စိန်**

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၊ အထက၊ န၀မတန်း(A)မှ ဦးတူး၏ သမီး မနှင်းပန်းပွင့်အောင်အား မတွယ်တာတူးဟု ခေါ်ဆိုပါရန်။ **မတွယ်တာတူး**

အမည်ပြောင်း

ဦးမောင်စိုး၏ သမီး မိုင်းရှူးမြို့၊ အထက၊ အဋ္ဌမတန်း(A)မှ မခင်နန္ဒာဖြိုးအား မခင်ယုနန္ဒာစိုးဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မခင်ယုနန္ဒာစိုး

ဖခင်အမည်မှန်

ချောင်းဦးမြို့၊ အထက်တန်းကျောင်း၊ န၀မတန်း(D)မှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးလှမိုး ၅/ခဥတ(နိုင်)၀၁၈၃၂၆ ဖြစ်ပါသည်။ **ဦးလှမိုး**

လူပျောက်ကြော်ငြာ

ကျွန်တော်၏သမီးဖြစ်သူ မစုသန္တာကျော် အသက် (၁၉)နှစ်သည် ၃၁-၈-၂၀၁၁ ရက်တွင် နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ လက်ခံထားသူအားထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်မိုး
၁၂/စခန(နိုင်) ၀၀၁၉၃၈
အမှတ် (၃၂)၊ အောင်တော်မူလမ်း၊ မြေနီကုန်း။
ဖုန်း- ၀၉-၅၁၅၉၇၄၇

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (စက်တင်ဘာ/၂၀၁၁)ကို စက်တင်ဘာ၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝါဝါမောင်က "ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့်ပုဂ္ဂလိကကဏ္ဍ (Good Governance and Private Sector)" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ ကုန်သည်၊စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆက်လူဝင်းမြ၏ နိုင်ငံကူးလက်မှတ်အမှတ် No-A 451128 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁၂၆၃၈၄**

အမည်ပြောင်း

အမရပူရမြို့နယ်၊ တောင်သမန်အိုးဘိုရပ်နေ ဦးကိုလေး-ဒေါ်လင်းဝါဝါဝင်း တို့၏သား အမှတ်(၂) ပင်မလျှပ်စစ်အလုပ်ရုံကျောင်း၊ ပဥ္စမတန်း(C)မှ မောင်ထက်ဝေယံစိုး(ခ)မောင်သုခတင့်အား မောင်ဝန်းသီဠွေးဟုလည်းကောင်း၊ မောင်စိုးထူးတင့်အား မောင်ကြူညာဏ်လင်းဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဝန်းသီဠွေး
မောင်ကြူညာဏ်လင်း

မြေကွက်များဝယ်လိုသည် (ပွဲစားမလိုပါ)

ရောင်းလိုသည့် ပိုင်ရှင်များ ကိုယ်တိုင်ဆက်သွယ်ပါ။ ဝါးတရာ စက်မှုဇုန် ကမ်းနားအနီး။

ဖုန်း-၆၆၇၆၀၃၊ ၆၅၂၀၇၃၊ ၀၉-၅၄၀၉၆၃၄

အိမ်ငှားလိုသည် (သက်တမ်းခြောက်လခန့်)

ရွှေပြည်သာ VIP ကွက်အတွင်း။ (ပွဲစား မလိုပါ)

ဖုန်း-၆၆၇၆၀၃၊ ၆၅၂၀၇၃၊ ၀၉-၅၄၀၉၆၃၄

ပင်လုံမြို့၌ ရေပိုက်လိုင်းများ လဲလှယ်တပ်ဆင်

ပင်လုံ ဩဂုတ် ၃၁

ပင်လုံမြို့ပေါ်ရပ်ကွက်များ၌ သန့်ရှင်းသော သောက်သုံးရေများ ပိုမိုသုံးစွဲနိုင်ရေးအတွက် မြို့ရေပေးရေးတွင် အသုံးပြုလျက်ရှိသော လေးလက်မပိုက်များကို ခြောက်လက်မပိုက်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါ ရပ်ကွက်နေပြည်သူများ ရေများ ပိုမိုသုံးစွဲနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဆီမီး (၉၉၀၀)အဖွဲ့ စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

အင်းစိန်မြို့နယ် ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်)ကကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသော စုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ အဖွဲ့ဩဝါဒါစရိယဆရာတော်ကြီး ခုနစ်ပါးအားအမှူးထား၍ (၁၇)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကိုကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးအေးသီ (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၆၄၇၄၈၀၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၀၈၁၉၁၁၊ မဇင်မာညို (ဖူဂျီ-ဓာတ်ပုံကူးဆိုင်) လှည်းတန်း ဖုန်း-၀၉-၇၃၁၉၂၅၇၀၊ မခင်နေဝင်းထွန်း (ဖူဂျီ-ဓာတ်ပုံကူးဆိုင်) ၃၄ လမ်းနှင့် မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား ဖုန်း-၀၉-၇၃၁၆၀၈၁၅၊ သတင်းထောက်ဖြိုးစည်သူ (အင်းစိန်) အဖေ့အမွေ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး ဖုန်း-၀၉-၇၃၁၆၃၁၃၈ နှင့် အဖွဲ့အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၃၂)

တိုင်းရင်းဆေး ပညာအကြောင်း ဟောပြော

နေပြည်တော် ဩဂုတ် ၃၀

တိုင်းရင်းဆေးပညာဦးစီးဌာန၏စီစဉ်မှုဖြင့် တပ်ကုန်းမြို့နယ် ပြည်သူများကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အခမဲ့စမ်းသပ်စစ်ဆေးကုသပေးမှုကို ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ၌ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မာလွင်နှင့် တိုင်းရင်းဆေးဆရာများက မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး လူနာများအား စစ်ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၂၁)

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်္ဂလွန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ရန်ကုန်မြို့ သဘာဝစွမ်းအားကျောက်မျက်ကုမ္ပဏီမိသားစုက ဆန်အိတ် ၂၀၀ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြို့နယ် သတင်း ထွေထွေလာ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေးဒေါင့်ကန် အမှတ် (၂) လမ်းမကြီးနေ ဆရာဦးကြည်ဝင်း-ဒေါ်စန်းဝင်း မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထကပညာရေးပဒေသာပင်ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်းပညာသင်ဆုအတွက် အလှူငွေကျပ်နှစ်သိန်းကို ဖောင်ဒေးရှင်းအမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

အထက(၁) ရန်ကင်း ရွှေရတုမဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်(အရှေ့ပိုင်း)ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ဘာသာပြန် စသည့်စာမူများကို ပံ့ပိုးကူညီရေးသားပေးပို့နိုင်ပြီး ကျောင်းအုပ်ကြီး အထက(၁) ရန်ကင်း ဖုန်း-၀၁-၅၅၇၅၀၆၊ ဦးဇေယျကို (ဥက္ကဋ္ဌ) ဖုန်း-၀၁-၆၆၆၈၉၅၊ ဖုန်း-၀၉-၅၁၆၇၇၅၆ နှင့် ဦးကျော်နိုင်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၃၇၉၆၃ တို့ထံသို့ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ရန်ကင်းမြို့နယ် အသေးစားပုဂ္ဂလိက ငွေချေးအဖွဲ့မှ မြို့ပေါ်ရှိ ပြည်သူများအား ငွေချေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၆ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ ကျင်းပရာ ပထမအရစ် ငွေကျပ်သိန်း ၅၀ကို မြို့နယ်ဒုတိယဦးစီးမှူး ဦးကျော်မျိုးထွန်းက ရန်ကင်းမြို့နယ်အသေးစား ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဌေးနှင့်ဒုတိယဥက္ကဋ္ဌဦးချိုလေးတို့ထံ လွှဲပြောင်းပေးအပ်စဉ်။ (၀၄၃)

ကျောင်းကျန်းမာရေး ပညာပေးဟောပြော

ကျောက်တံခါး ဩဂုတ် ၃၀

ကျောက်တံခါးမြို့ အထကကျောင်းတွင် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန် ဒေါက်တာကျော်ကျော်ထက်က သွား၊ခံတွင်းရောဂါနှင့် ခံတွင်းကင်ဆာရောဂါများဖြစ်ပွားပုံအဆင့်ဆင့်၊ ရောဂါကာကွယ်ကုသရေးနှင့် စနစ်မှန်သွားတိုက်နည်းများအကြောင်း ရှင်းလင်းဟောပြောသည်။ ထို့နောက်မူလတန်းကျောင်းသား ကျောင်းသူလေးများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအခြေအနေများကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ကြသည်။

ပညာပေးဟောပြော

ထို့နောက် ကျောက်တံခါးမြို့နယ် မြို့နယ်ကျန်းမာရေးမှူး ဒေါ်အေးအေးဝေက ကျောင်းသား ကျောင်းသူလေးများအား အာဟာရတိုက်ကျွေးရေးနှင့် ကူးစက်ရောဂါများအကြောင်း ဟောပြောပြီး မြို့နယ်ငှက်ဖျားကြီးကြပ်ရေးမှူး ဦးစိုးလွင်က သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများအကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (၁၂၀)

တောင်တွင်းကြီး၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

တောင်တွင်းကြီး ဩဂုတ် ၃၀

တောင်တွင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်း၍ HIV/ AIDS ရောဂါကာကွယ်တားဆီးရေး ကျပန်းစကားပြောပြိုင်ပွဲကို ဩဂုတ် ၂၅ရက် မွန်းလွဲ ၁နာရီက အထက(၂)ကျောင်းခန်းမ၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် အထက(၂)ကျောင်းမှ ကျောင်းသား ကျောင်းသူ ခုနစ်ဦးပါဝင်ယှဉ်ပြိုင်ကြရာ နဝမတန်း(က)မှ မောင်သန်းကြွယ်စိုးက ပထမ၊ နဝမတန်း(ဂ)မှ မစုထက်နိုင်က ဒုတိယနှင့် ဒသမတန်းမှ မစုမြတ်စန္ဒီက တတိယရရှိခဲ့ကြောင်း သိရှိရသည်။ (၁၁၇)

ထီးချိုင့်မြို့နယ်၌ ကြက်ခြေပြာ သင်တန်းဆင်း

ကသာ ဩဂုတ် ၃၀

ကသာခရိုင် ထီးချိုင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု ကြက်ခြေပြာသင်တန်းအမှတ်စဉ် (၁/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က ကျင်းပသည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန့်ဆွေဦးက တိုင်းရင်းကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ကျွဲ၊ နွားမွေးမြူရေးနှင့် ကာကွယ်ကုသရေးတို့ကို ငါးရက်သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့ - နံနက်+နေ့လယ်+ည)

၁-၉-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (ဝဋ္ဋသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သူတော်လက္ခဏာ ဆယ့်နှစ်ဖြာ)
၈း၃၅ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ တေးပဒေသာ
၁၀း၀၀ သောတရှင်တို့ လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (မီးမီးခဲ)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (မှတ်သားလေ့လာသိပ္ပံပညာ-၈)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ထူးခြားလှစွာ ပန်းယွန်းပညာ)
၁၂း၃၀ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (သီတာရေစင်ပမာ) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မွေးလိုက်ဦးမယ်)
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းများ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ပန်းများနှင့်အတူနေကြသူများ)
၁၉း၄၀ ရေဒီယိုအတိတ် တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ဂီတစာဆို ဗိုလ်ကလေးတင့်အောင်နှင့် ဇနီးဒေါ်ခင်ရီ)
၂၀း၅၀ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲဝင်များ လေ့လာရန်တီးလုံးများ
၂၁း၀၀ ဆောင်းပါး (မိုးကြိုးအန္တရာယ် သတိပြုဖွယ်)
၂၁း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

စံပြမိခင်ပြိုင်ပွဲ မိုင်းဖြတ်၌ကျင်းပ

မိုင်းဖြတ် ဩဂုတ် ၃၀

မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်စောဝေ **(ဝဲပုံ)**၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးမင်းသန်းနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအပြီး ပြိုင်ပွဲဝင်မိခင်နှင့်ကလေးများအား ဗီတာမင်အေ၊ သန်ချဆေး၊ ဘီဝမ်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးများတိုက်ကျွေးပြီး အိုင်အိုဒင်းဆားများ ဝေငှပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပ

မေးခွန်း (၉)ခုကို ပြန်လည်ဖြေကြားခြင်း၊ အဆိုအတည်ပြုခြင်းနှင့် အဆိုသစ် (၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၃၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၁)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၆)ဦးတို့က ကျန်းမာရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

မှီခိုအားထား

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေး၏ **"ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးများ တည်ရှိလျက်ရှိသဖြင့် ကမ္ဘာလှည့်ခရီးသည်များ စဉ်ဆက်မပြတ် လာရောက်တည်းခိုလေ့လာသည့် ဒေသဖြစ်ပါကြောင်း၊ လောလောဆယ် ပုဂံမြို့တွင် ဒေသန္တရ ဆေးပေးခန်းသာ ရှိပါကြောင်း၊ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိပါက ပတ်ဝန်းကျင် ရပ်ကွက်ကျေးရွာအုပ်စု လူဦးရေ (၆၀၀၀၀)ကျော်ခန့် ကျန်းမာရေးအတွက် မှီခိုအားထားရမည်ဖြစ်ပါကြောင်း၊ ပုဂံမြို့နှင့်အနီးဆုံး ညောင်ဦးမြို့တွင် ခုတင်(၁၀၀)ဆံ့ ဆေးရုံရှိသော်လည်း လမ်းပန်းဆက်သွယ်မှုနှင့် ကျေးရွာများ၏ စီးပွားရေး အဆင်မပြေမှုကြောင့် ညောင်ဦးမြို့တွင် သွားရောက်ကုသမှုခံယူရန် အခက်အခဲရှိသည့်လူနာများ ပုဂံတွင်ကုသနိုင်ပါက ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လိုအပ်သောအစီအမံပံ့ပိုးမှုတစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ပုဂံမြို့သစ်တွင် တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးပါရန် အစီအမံရှိပါက မည်သည့်ကာလတွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို ဖြေကြားပေးစေလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တွင် ခုတင်(၁၀၀)ဆံ့ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတစ်ရုံ၊ (၂၅)ခုတင်ဆံ့ ပုဂံမြို့သစ်ဆေးရုံ တစ်ရုံ၊ (၂၅)ခုတင်ဆံ့ ငါ့သရောက်မြို့နယ်ခွဲဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ တောင်ဇင်း

စာမျက်နှာ ၆ ကော်လံ ၁ ●

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သီရိမင်္ဂလာဈေးကြီးအတွင်းမှ အစီအရီရှိနေသော နာနတ်သီးများကို ဤသို့ တွေ့ရသည်။

ရှမ်းပြည်နယ်မှ ဆေးဖက်ဝင် နာနတ်သီး ရန်ကုန်ဈေးကွက်သို့ အဝင်များလာ

သတင်းနှင့်ဓာတ်ပုံ - သက်ထက်ကို (ဘော်ဂါမြေ)

နေပြည်တော် ဩဂုတ် ၃၁

"နာနတ်သီးတွေချိုတယ်နော်၊ အလုံးကြီးတွေ တစ်လုံး ငွေကျပ် ၃၀၀/၄၀၀၊ တစ်ခါတည်းခွဲပေးတယ်၊ မချိုရင် တစ်ပြားမှမပေးနဲ့"ဟု လှည်းပေါ်တွင်အပြည့်တင်လျက် အော်ရောင်းနေသော နာနတ်သီးသည်များကို အရပ်ထဲတွင် နှစ်သည်မက နေ့စဉ် တွေ့နေရသည်။

ယခုရာသီသည် ရှမ်းပြည်နယ် လားရှိုး၊ သီပေါတို့မှ နာနတ်သီးများ အဝင်များသောကာလ ဖြစ်သည်။ ရှမ်းပြည်နယ် လားရှိုးဘက်မှ နာနတ်သီးသည် ဩဂုတ် ၁၅ ရက်မှ

စာမျက်နှာ ၁၀ ကော်လံ ၅ *

မြင့်မောင်စိုး - စုစည်းသည်

ဥရုဂွေးခံစစ်မှူး လီဗာပူးနှစ်ရှည်စာချုပ်

လန်ဒန် ဩဂုတ် ၃၁

ဥရုဂွေးလက်ရွေးစင် ဘောလုံးအသင်းမှ နောက်တန်းကစားသမား ဆီဘက်စတီယန်ကိုတက်စ်အား လီဗာပူးအသင်းက အပြီးသတ် စာချုပ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၀ အရွယ်ရှိ ကိုတက်စ် ***(ဝဲပုံ)*** *သည် ဇူလိုင်လက ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲတွင် ဥရုဂွေးအသင်းနှင့်အတူ ဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးလောကတွင် လူသိများကျော်ကြားလာသူဖြစ်သည်။ လီဗာပူးအသင်းက ၄င်းအား နှစ်ရှည်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။*

ဆွတ်ခူးနိုင်ခဲ့

အရပ်ခြောက်ပေနှင့် ခြောက်လက်မရှိ နောက်တန်းကစားသမား ကိုတက်စ်သည် ဗဟိုခံစစ်မှူးနေရာတွင် ကစားနေသူဖြစ်ပြီး တစ်ဖက်တိုက်စစ်ကို အကောင်းဆုံးဟန့်တားကစားနိုင်သူဖြစ်သည်။ လီဗာပူးအသင်းသည် ယခုနှစ်ပရီမီယာလိဂ်အဖွင့်တွင် နောက်တန်းကစားသမား ကိုတက်စ်အပါအဝင် ကစားသမားခြောက်ဦး ခေါ်ယူစာချုပ်ချုပ်ခဲ့သည်။ ဗဟိုခံစစ်မှူး ကိုတက်စ်သည် ဥရုဂွေးအသင်းနှင့်အတူ ကိုပါအမေရိကဖလားကို ဆွတ်ခူးခဲ့ရာတွင် အကောင်းဆုံး လူငယ်ဘောလုံးသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ***(အင်တာနက်)***